မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ ဦးတန်ခူးလပြည့်ကျော် ၇ ရက်၊ ၂၀၀၈ ခုနှစ်၊ ဧပြီ ၂၇ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ(၄၇)၊ အမှတ်(၂၀၅)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တောင်အာဖရိကနိုင်ငံ သမ္မတထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဧပြီ ၂၇

၂၀၀၈ခုနှစ် ဧပြီ၂၇ရက်တွင် ကျရောက်သော တောင်အာဖရိကသမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ တောင်အာဖရိကသမ္မတနိုင်ငံ သမ္မတ မစ္စတာသာဘိုအမ်၊ အမ်ဘီကီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ (သတင်းစဉ်)

■ အခြေခံဥပဒေ အတည်ပြုရေးသည် ယနေ့ ပြည်သူအားလုံး၏ အမျိုးသားရေးတာဝန် ဖြစ်သည်။ အမျိုးသားရေးအကျိုး လိုလားသူတိုင်း ထောက်ခံမဲပေးကြစို့ ။

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဗိုလ်လောင်းသင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲ တက်ရောက်ချီးမြှင့်

နေပြည်တော် ဧပြီ ၂၆

တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၁၁) သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ဧပြီ ၂၅ရက် ည ၆နာရီခွဲတွင် ရှမ်းပြည်နယ် ရပ်စောက်မြို့နယ် ဗထူးတပ်မြို့ရှိ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း စစ်ရာထူးခန့်ထားရေးခန်းမဆောင်၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တက်ရောက်ချီးမြှင့်သည်။

ရင်းရင်းနှီးနှီး နှုတ်ဆက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၁၁) သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲ အခမ်းအနားတွင် သင်တန်းဆင်းအရာရှိများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

တက်ရောက်

အဆိုပါ သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင်နှင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင်၊

စာမျက်နှာ ၉ ကော်လံ ၁ ■

မြန်မာ့အလင်း ဆောင်းပါးအညွှန်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်း (၂၀၀၈)၏ အနှစ်သာရ တရားများသည် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော နိုင်ငံတော်၏ အမျိုးသားရေး မူဝါဒကို မဏ္ဍိုင်ပြု ရေးဆွဲထားခြင်းဖြစ်သည်။

ကေတုနီလာ၏ဆောင်းပါး စာ-၁၀

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၈ ခုနှစ် ဧပြီ ၂၇ ရက်)

တပ်မတော်၏အစဉ်အလာကောင်းများ ဆက်လက်ထိန်းသိမ်း နိုင်ငံတော်ကာကွယ်ရေးတာဝန် ရှပ်ရှပ်ချွံချွံထမ်းဆောင်

တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၁၁) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ဧပြီလ ၂၅ရက်နေ့က ဗထူးတပ်မြို့ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်းစစ်ရေးပြကွင်း၌ကျင်းပရာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တက်ရောက်၍ မိန့်ခွန်းပြောကြားခဲ့သည်။

သင်တန်းဆင်းခေါင်းဆောင်ငယ်များသည် တပ်မတော်၏ အဓိကတာဝန်ကြီးသုံးရပ်ဖြစ်သော နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေး တာဝန်နှင့် ပြည်သူ့အကျိုးပြုတာဝန်များကို ကျေပွန်စွာထမ်းရွက်ကြရမည်ဖြစ်သည်။ နိုင်ငံတော်ကာကွယ်ရေးတာဝန် ထမ်းဆောင်ကြမည့် ခေါင်းဆောင် ငယ်များသည် နိုင်ငံရေးအမြင်၊ စီးပွားရေးအမြင်၊ အုပ်ချုပ်ရေးအမြင်နှင့် ကာကွယ်ရေးအမြင်ဟူ၍ အမြင်လေးမြင်နှင့် ပြည့်စုံကြရမည်ဖြစ်သည်။

စည်းကမ်းသည်လူ၏တန်ဖိုးဖြစ်သကဲ့သို့ တပ်မတော်၏မဏ္ဍိုင်လည်းဖြစ်သည်။ စည်းကမ်းကောင်းသောတပ်မတော်ကို တိုင်းရင်းသားပြည်သူ အားလုံးက လေးစားချစ်ခင်ခဲ့ကြသည်။ ယင်းသို့သော အစဉ်အလာကောင်းများကို တပ်မတော်သားအားလုံးက ဆက်လက်ထိန်းသိမ်းလျက်ရှိသည်။

တပ်မတော်သားများသည် စစ်ဘက်ဥပဒေ၊စစ်စည်းကမ်းနှင့်အတူ စစ်သည်တော်ကျင့်ဝတ်များကို မြဲမြံစွာ လိုက်နာလျက်ရှိသည်။ ထို့အတူ နယ်ဘက်ဥပဒေများကိုလည်း လိုက်နာစောင့်ထိန်းလျက်ရှိသည်။

သင်တန်းဆင်းခေါင်းဆောင်ငယ်များအနေဖြင့် စိတ်ဓာတ်၊ စည်းကမ်း၊ သစ္စာ၊ စည်းလုံးမှုနှင့် စွမ်းရည်သုံးရပ် ပြည့်စုံမှုဟူသည့် အခြေခံ အရည်အချင်းငါးပါးနှင့်ပြည့်စုံနေကြရမည်ဖြစ်သည်။ ထိုသို့ အရည်အချင်းများဖြင့် ပြည့်ဝနေသော တပ်မတော်သည် နိုင်ငံတော်၏ မြေထု၊ရေထု၊ လေထု ပိုင်နက်တို့ကို အကြွင်းမဲ့ ကာကွယ်စောင့်ရှောက်လျက်ရှိသည်။

တပ်မတော်၏ ရဲစွမ်းသတ္တိရှိမှု၊ စစ်ရေးစွမ်းရည်ပြည့်ဝမှု၊ မျိုးချစ်စိတ်ဓာတ်ထက်သန်မှုတို့ဖြင့် နိုင်ငံတော်အတွက် အသက်၊ သွေး၊ ချွေး များစွာပေး၍ ကာကွယ်စောင့်ရှောက်ရင်း ပြည်သူ့အကျိုးစီးပွားကို ထာဝရသယ်ပိုးထမ်းရွက်နေဆဲဖြစ်သည်။

ယနေ့အချိန်အခါတွင် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကိုရေးဆွဲပြီးဖြစ်ရာ နိုင်ငံတစ်ဝန်းလုံး၌ မေလ ၁၀ရက်နေ့တွင် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကြီးကျင်းပ၍ အတည်ပြုနိုင်တော့မည်ဖြစ်သည်။ တပ်မတော်သည် နိုင်ငံတော်အာဏာကို ပြည်သူ့ထံ ပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် စနစ်တကျ ဆောင်ရွက်လျက်ရှိသည်။ တပ်မတော်အစိုးရအနေဖြင့် ပြည်သူတို့ လိုလားတောင့်တနေသည့် ဆန္ဒနှင့်အညီ ဒီမိုကရေစီနိုင်ငံတော်သစ် ဖြစ်ထွန်းပေါ်ပေါက်လာရေး တိုင်းရင်းသားပြည်သူတို့နှင့် လက်တွဲကြိုးပမ်း ဖော်ဆောင်သွားကြမည်ဖြစ်သည်။

သို့ဖြစ်ရာ သင်တန်းဆင်းခေါင်းဆောင်ငယ်များသည် တပ်မတော်၏ အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းရင်း နိုင်ငံတော် ကာကွယ်ရေးနှင့် တိုင်းရင်းသားပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်လုံခြုံရေးတာဝန်များကို ခွဲ၊ လုံ့လ ၊ ဝီရိယ စွမ်းအားဖြင့် ရှပ်ရှပ်ချွံချွံ ထမ်းဆောင်သွားနိုင်ကြမည်ဟု ယုံကြည်ကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဦးစီးအရာရှိများ စွမ်းရည်မြှင့်သင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် ဧပြီ ၂၆

ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ တပ်ဖွဲ့နှင့် ဦးစီးဌာနများမှ ဦးစီးအရာရှိများ စွမ်းရည်မြှင့်သင်တန်း အမှတ်စဉ်(၁/၂၀၀၈)ဆင်းပွဲကို ယမန်နေ့နံနက် ၈နာရီက ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ်ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးပညာ ဖွံ့ဖြိုးမှုသင်တန်း ကျောင်း သင်တန်းခန်းမ၌ ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းတွင် ထူးချွန်ဆုရရှိသူများ အား ဆုချီးမြှင့်သည်။

တက်ရောက်

အဆိုပါ သင်တန်းသို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ၁၅ဦး၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ ၁၅ဦး၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ ၁၀ဦးနှင့် အကျဉ်းဦးစီးဌာနမှ ၁၀ဦး စုစုပေါင်း ၅၀တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၀ပတ် ကြာမြင့် ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတ ဆံတော်ရှင် ကျိုက်ဝိုင်း စေတီတော်မြတ်ကြီးတွင် တောင်ဘက်စောင်းတန်း တော် ကြီး တည် ဆောက် ရန်အတွက် မင်္ဂလာတောင်ညွန့်မြို့နယ် ဖဆပလ ရပ်ကွက် တိုက်ဟောင်း ၂၊ အခန်း၁၄နေ ဦးမင်းအောင်အား ရည်စူး၍ ဒေါ်တင်တင်ပြုံး၊ သား ကိုခင်မောင်ဦး၊ ကိုဇော်အောင်၊ သမီး မမိုးမိုးအောင်၊ မြေး သုနန္ဒာအောင်၊ ကြည်နူးပြုံးမင်းအောင်မိသားစုက ငွေကျပ်တစ်သိန်း လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးမောင်လှိုင်၊ ဦးထွန်းနှင့် ဦးအေးကိုတို့က လက်ခံယူကြစဉ်။ (က-ပ)

ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ မြေစိုက်ပိုစတာစိုက်ထူပွဲ အခမ်းအနားများ ရန်ကုန်တောင်ပိုင်းခရိုင်ရှိ မြို့နယ်လေးမြို့နယ်၌ ကျင်းပ

ရန်ကုန် ဧပြီ ၂၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲမြေစိုက်ပိုစတာ စိုက်ထူပွဲ အခမ်းအနားများကို ယမန်နေ့နံနက်ပိုင်းက ရန်ကုန်တောင်ပိုင်းခရိုင်ရှိ မြို့နယ်လေးမြို့နယ်၏ သတ်မှတ်နေရာအသီးသီး၌ ကျင်းပကြသည်။

စိုက်ထူ

ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ မြေစိုက်ပိုစတာများကို သန်လျင်မြို့နယ် သန်လျင်မြို့မဈေးကြီးအနီး ဗိုလ်ချုပ်နေဝင်းလမ်းနှင့် လမ်းမတော် လမ်းထောင့်၌လည်းကောင်း၊ ကျောက်တန်းမြို့နယ် သန်လျင်-ကျောက်တန်းလမ်း ကျောက်တန်းမြို့အဝင်မုခ်ဦးအနီး၌ လည်းကောင်း၊ သုံးခွမြို့နယ် အောင်ဇေယျလမ်း သုံးခွမြို့မဈေးရှေ့၌လည်းကောင်း၊ ခရမ်းမြို့နယ် ဘုရားလမ်း ခရမ်းမြို့နယ် ပြည်သူ့ဆေးရုံရှေ့၌လည်းကောင်း စိုက်ထူကြသည်။ (အောက်ပုံ)

မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်၊ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်၊ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်နှင့် ဒို့အနာဂတ် ဒို့ဖန်တီးဖို့ အခြေခံဥပဒေအတည်ပြုကြစို့ဟူသော မြေစိုက်ပိုစတာများကို ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များနှင့် ပြည်သူများက ဝိုင်းဝန်းစိုက်ထူခဲ့ကြသည်။ (သတင်းစဉ်)

အဏ္ဏဝါဗီဇ၊ အဏ္ဏဝါသိပ္ပံကျောင်းသားဟောင်းများတွေ့ဆုံပွဲ

ရန်ကုန် ဧပြီ ၂၆

အဏ္ဏဝါဗီဇ၊ အဏ္ဏဝါသိပ္ပံ(မော်လမြိုင်တက္ကသိုလ်) ကျောင်းသားဟောင်းများ၏ တွေ့ဆုံပွဲကို မေ ၂၅ ရက်တွင် ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူများသည် ဦးနေထွန်း့တင် ဖုန်း-၀၉-၅၁၂၅၅၄၅၊ ၀၁-၅၃၉၂၂၅၊ ၀၅၃-၂၄၆၂၁၊ ဦးစိုင်းအုန်းမြင့် ဖုန်း-၀၉-၅၁၃၁၀၀၉၊ ဦးထွန်းအေး ဖုန်း-၀၁-၅၁၄၉၀၄၊ ကိုဇော်လွင်း ဖုန်း-၀၉-၅၁၈၂၈၄၁၊ ကိုဇော်ဖေ ဖုန်း-၀၉-၅၁၃၂၄၀၇၊ ဒေါ်ခိုင်သီတာထွန်း ဖုန်း-၀၉-၅၁၀၁၄၅၃၊ ဦးတင်အေးကြည် ဖုန်း-၀၁-၅၄၂၂၀၆၊ ဦးမျိုးသန်းနိုင် ဖုန်း-၀၉-၈၀၂၀၄၉၅၊ ဦးဉာဏ်ဝေထွန်း ဖုန်း-၀၁-၇၀၁၂၈၈၊ ဒေါ်မိုးသူဇာသုံ ဖုန်း-၀၉-၅၁၄၆၆၃၅၊ ဦးကျော်သန်းဦး ဖုန်း-၀၉-၅၀၆၁၈၃၇၊ ဦးကိုဦး ဖုန်း-၀၁-၃၈၅၃၉၈ နှင့် ဦးအောင်နိုင် ဖုန်း-၀၉-၅၁၈၀၀၆၁ တို့သို့ ဆက်သွယ် အကြောင်းကြားနိုင်ကြောင်း သိရသည်။ (က-ပ)

သဃ်န်းကျွန်း မြို့နယ် ဝေဇယန္တာလမ်း ကျွန်တွံ အိမ်ရာနေ နှစ်ဖက်သော မိဘများအားအမှူးထား၍ ဦးခင်မောင်ဝင်း-ဒေါ်ယဉ်ယဉ်စန်း၊ သမီး မစန္ဒာဝင်း၊ သား မောင်မျိုးမင်းစိုး မိသားစုက ဆေး ပဒေသာပင်နှင့် သုံးထပ် ဘိုးဘွားဆောင်သစ် အတွက် အလှူငွေကျပ် နှစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ တွဲဖက်ဘဏ္ဍာရေးမှူး ဦးချစ်မြိုင်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ဓာတုဗေဒ ကျောင်းသားဟောင်းများ တွေ့ဆုံပွဲ

ရန်ကုန် ဧပြီ ၂၆

ရန်ကုန်တက္ကသိုလ် ဗိုလ်တထောင်နယ်မြေတွင် ၁၉၈၃ခုနှစ်၌ ပထမနှစ်တက်ရောက်ခဲ့ကြသော ဓာတုဗေဒ ကျောင်းသူကျောင်းသားဟောင်းများ၏ (၁၀)ကြိမ်မြောက် နှစ်စဉ်မိတ်ဆုံစားပွဲကို မေ ၁ရက် (ကြာသပတေးနေ့) ည ၆ နာရီမှ ၉နာရီအထိ ရန်ကုန်မြို့ **Traders Hotel** ၏ **Pool Side** ၌ ကျင်းပမည်ဖြစ်သည်။

အခမ်းအနားတက်ရောက်မည့် ကျောင်းသူ ကျောင်းသားဟောင်းများသည် ကိုအောင်မြင့် ဖုန်း-၀၉-၅၁၁၈၉၄၅၊ ကိုကျော်ဦးမော် ဖုန်း-၀၉-၅၀၀၇၆၂၁၊ ကိုမျိုးသန်း ဖုန်း-၀၉-၉၀၄၀၁၃၇၊ ကိုအောင်သိန်း ဖုန်း-၀၉-၅၀၁၀၇၅၀၊ မဖြူဖြူအေး ဖုန်း-၀၉-၅၀၄၈၅၉၃၊ မသဇင်မော် ဖုန်း-၂၉၅၉၁၇နှင့် မလွင်လွင်ဦး ဖုန်း-၀၉-၅၁၇၇၈၉၉ တို့သို့ ဆက်သွယ်အကြောင်းကြားနိုင်ကြောင်း သိရသည်။ (က-ပ)

တောင်ကြီးမြို့ သိမ်တောင် ပရိယတ္တိစာသင်တိုက်၌ ထေရ်ကြီးဝါကြီးဆရာတော်များအား ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း ဖူးမြော်ကြည်ညို

နေပြည်တော် ဧပြီ ၂၆

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင်နှင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ စစ်ရေးချုပ်ဗိုလ်ချုပ်သူရမြင့်အောင်၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းနှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် ဧပြီ ၂၃ရက် နံနက် ၁၀နာရီ မိနစ်၂၀တွင် ရဟတ်ယာဉ်များဖြင့် နေပြည်တော်မှ ရှမ်းပြည်နယ် တောင်ကြီးမြို့သို့ရောက်ရှိကြသည်။

ကြိုဆို

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဇနီး ဒေါ်မြမြစန်းနှင့်အဖွဲ့ဝင်များအား ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ဖူးမြော်ကြည်ညို

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဇနီး ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များသည် တောင်ကြီးမြို့ သိမ်တောင်ပရိယတ္တိစာသင်တိုက်သို့ သွားရောက်ကြပြီး ထေရ်ကြီးဝါကြီး ဆရာတော်များအား ဖူးမြော်ကြည်ညိုကြသည်။

ကြွရောက်တော်မူ

အခမ်းအနားသို့ တောင်ကြီးမြို့နှင့် ညောင်ရွှေမြို့တို့ရှိ ပရိယတ္တိစာသင်တိုက်များနှင့် အေးသာယာမြို့သစ်ရှိ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းတို့မှ နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ၊ ပြည်နယ် သံဃနာယက ဆရာတော်ကြီးများ၊ မြို့နယ်သံဃနာယက ဆရာတော်ကြီးများ ကြွရောက်တော်မူကြသည်။

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်သည်။

ဆက်ကပ်လှူဒါန်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး တောင်ကြီးမြို့ သိမ်တောင်ပရိယတ္တိစာသင်တိုက်၌ ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ တောင်ကြီးမြို့ သိမ်တောင်ပရိယတ္တိ စာသင်တိုက်၌ ဆရာတော်ထံလှူဖွယ် ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

ထို့နောက် နိုင်ငံတော်သြဝါဒါစရိယ သိမ်တောင် ပရိယတ္တိစာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တဆန္ဒာဓိက မဟာထေရ်ထံမှ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဇနီး ဒေါ်မြမြစန်းနှင့်အဖွဲ့ဝင်များက ငါးပါးသီလခံယူ ဆောက်တည်ကြသည်။

သြဝါဒကထာမြွက်ကြား

ဆက်လက်၍ သိမ်တောင် ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဘဒ္ဒန္တဆန္ဒာဓိက မဟာထေရ်က သြဝါဒကထာ မြွက်ကြားတော်မူသည်။

ထို့နောက် ဆရာတော် သံဃာတော် အရှင်သူမြတ်များက ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူကြသည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့သည် နိုင်ငံတော် သြဝါဒါစရိယ သိမ်တောင်ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဘဒ္ဒန္တဆန္ဒာဓိက မဟာထေရ်အား သင်္ကန်း အစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် အဖွဲ့ဝင်များက ဆရာတော်ကြီးများအား သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ရေစက်သွန်းချအမျှပေးဝေ

ထို့နောက် ရှမ်းပြည်နယ်သံဃနာယကအဖွဲ့(သုဓမ္မာ)ဥက္ကဋ္ဌ တောင်ကြီးမြို့ ဥတ္တရာရုံကျောင်းဆရာတော် အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တပညာသိရီက ရေစက်ချ တရားတော် ချီးမြှင့်တော်မူရာ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဇနီး ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဘူတန်နိုင်ငံဝန်ကြီးချုပ်ထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဧပြီ ၂၇

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံမှ ဘူတန်နိုင်ငံ ဝန်ကြီးချုပ်အဖြစ် စတင်တာဝန်ထမ်းဆောင်သော မစ္စတာဂျစ်ဂ်မီရိုတာသင်လေးထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်း ဘူတန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဧပြီ ၂၇

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ဘူတန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် စတင်တာဝန်ထမ်းဆောင်သော မစ္စတာဥဂျန်ရှာရင်းထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

သင့် သွေးဖြင့် အသက်ကယ်ပါ

27-4 (03).pmd 1 4/27/2008, 1:13 AM

ပြည်တွင်း၌ဆန် အခက်အခဲမရှိစေရေး မှောင်ခိုတင်ပို့မှု အင်ဒိုနီးရှား တားဆီးမည်

ဂျကာတာ ဧပြီ ၂၆

အင်ဒိုနီးရှားသမ္မတ ဆူစီလိုဘန်ဘန်း ယူဒိုယိုနိုက အစိုးရတာဝန်ရှိသူများအား တရားမဝင်ဆန်မှောင်ခိုတင်ပို့ရောင်းချမှုကို တားဆီးကာကွယ်ရန် ပြောကြားလိုက်သည်။

ဆန်သည် ပင်လယ်ရပ်ခြား တိုင်းတစ်ပါးသို့ မှောင်ခိုတင်ပို့ရောင်းချမှု မပြုသင့်ကြောင်း ဧပြီ ၂၄ ရက်က ကာလီမန်တန်ပြည်နယ် ပါလန်ကာယာသို့ရောက်ရှိစဉ် သမ္မတကပြောကြားခဲ့သည်။

ကမ္ဘာတွင် ဆန်ပြဿနာကြီးထွားလာ၍ ပြည်တွင်းစားသုံးမှု အခက်အခဲမဖြစ်စေရေး ဆန်မှောင်ခိုရောင်းဝယ်ခြင်း၊ တင်ပို့ရောင်းချခြင်း ပြုလုပ်သူများကို ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားရန် သမ္မတက အစိုးရဝန်ကြီးအဖွဲ့နှင့် ပြည်နယ်တာဝန်ရှိသူများအား ပြောကြားလိုက်သည်။

သမ္မတဆူစီလိုသည် ၂၀၀၇ ခုနှစ်က အစိုးရတာဝန်ရှိသူများအား တစ်နှစ်လျှင် ဆန်တန်ချိန် နှစ်သန်းတိုးထုတ်ရန် ပြောကြားခဲ့သည်။

ယင်းနိုင်ငံသည် ၂၀၀၇ ခုနှစ်အတွင်း သဘာဝဘေးအန္တရာယ် ကြုံတွေ့ခဲ့သော်လည်း ဆန်ထုတ်လုပ်မှု တိုးတက်ကောင်းမွန်ခဲ့သည်ဟု ဆိုသည်။ (အင်တာနက်)

ငှက်ဖျားရောဂါကြောင့် သေဆုံးမှုပပျောက်ရေး ကုလသမဂ္ဂက အစီအစဉ်ချမှတ်ဆောင်ရွက်

ဂျိုနီဗာ ဧပြီ ၂၆

ပထမအကြိမ် ကမ္ဘာ့ငှက်ဖျားရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ငှက်ဖျားရောဂါကြောင့် သေဆုံးမှုပပျောက်ရေး အစီအစဉ်သစ်ကို ချမှတ်တော့မည်ဖြစ်သည်။

ကြေညာ

ငှက်ဖျားရောဂါကြောင့် တစ်နှစ်လျှင် လူတစ်သန်းကျော်သေဆုံးသည်။ ယင်းတို့အနက် ၉၀ရာခိုင်နှုန်းမှာ အာဖရိကတိုက်တွင် ဖြစ်သည်။ ၂၀၁၀ပြည့်နှစ်ကုန်တွင် အာဖရိကတစ်တိုက်လုံး ငှက်ဖျားရောဂါထိန်းချုပ်ရေး အခြေခံအစီအစဉ်တို့ကို ရရှိခံစားစေလိုသည်ဟု ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ကြေညာချက်တွင် ဖော်ပြထားသည်။

သေဆုံးရ

ငှက်ဖျားရောဂါ ဖြစ်ပွားသူဦးရေမှာ နှစ်စဉ်သန်း ၅၀၀ ကျော်ပြီး၊ စက္ကန့် ၃၀ ပြည့်တိုင်း ကလေးသူငယ်တစ်ဦး သေဆုံးရသည်။ မည်သို့ပင်ဖြစ်စေ ငှက်ဖျားရောဂါသည် ကာကွယ်နိုင်၊ ကုသနိုင်သည့် ရောဂါဖြစ်သည် စသည်ဖြင့် ကြေညာချက်၌ ဖော်ပြပါရှိသည်။

(အင်တာနက်)

ပါကစ္စတန်နိုင်ငံအနောက်မြောက်ပိုင်း ဖရွန်တီယာပြည်နယ်၏မြို့တော်ပက်ရှဝါမှ ကီလိုမီတာ ၅၀အကွာ မာဒန်မြို့ရှိ ရဲစခန်း အပြင်ဘက်၌ ဧပြီ ၂၅ရက်က ဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် တာဝန်ရှိသူများက စစ်ဆေးနေသည်ကို တွေ့ရစဉ်။ (အဆိုပါ ဗုံးပေါက်ကွဲမှုကြောင့် သုံးဦး သေဆုံးပြီး ၁၅ဦး ဒဏ်ရာရရှိခဲ့ကြောင်းသိရသည်။)

(အင်တာနက်ဓာတ်ပုံ)

ဩစတြီးယားနိုင်ငံ မြို့တော်ဗီယင်နာ၏တောင်ဘက် ၁၅ကီလိုမီတာအကွာ လီယိုဘာဒေါ့ဖ်မြို့အနီး ယာဉ်မတော်တဆမှုဖြစ်ပွားမှုကို ဧပြီ ၂၆ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ပြင်သစ်သမ္မတဆာကိုဇီအား ဝေဖန်သံများ ပြည်သူများအကြားတွင် ပေါ်ပေါက်လာ

ပါရီ ဧပြီ ၂၆

ပြင်သစ်သမ္မတ နီကိုလပ်ဆာကိုဇီက သူ၏မူဝါဒများကို အလုံအလောက်ရှင်းပြရန် ပျက်ကွက်ခြင်းဖြင့် သူ၏တစ်နှစ်တာ သမ္မတသက်တမ်းအတွင်း အမှားအယွင်းများ လုပ်ကောင်းလုပ်မိမည်ဟု ပြောကြားသည်။

ထောက်ပြ

ပြင်သစ်သမ္မတအဖြစ် ရွေးချယ်ခံရပြီးကတည်းက ယူရိုငွေကြေးတန်ဖိုး မကြုံဖူးအောင် မြင့်တက်မှုနှင့်တကွ အိမ်ရာမြေ ရောင်းဝယ်မှု အကျပ်အတည်း၊ ရေနံဈေးနှုန်းမြင့်တက်မှုတို့ကို သမ္မတဆာကိုဇီက ထောက်ပြလိုက်ပြီး ပြင်သစ်နိုင်ငံတွင် လောလောဆယ် ရင်ဆိုင်နေရသည့် ပြဿနာအချို့မှာ ကမ္ဘာ့စီးပွားရေး အခြေအနေကြောင့်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

ဝေဖန်သံ

မစ္စတာဆာကိုဇီမှာ စီးပွားရေးရှုတ်ခြည်းနာလန်ထူရန် ပုံအောမည်ဟူသောကတိဖြင့် လွန်ခဲ့သည့်တစ်နှစ်က အောင်ပွဲခံခဲ့သည်။ သို့သော် ငွေဖောင်းပွမှုအပါအဝင် စီးပွားရေး အခက်အခဲများကြောင့် ယခုအခါ မစ္စတာဆာကိုဇီအား ဝေဖန်သံများ ပြည်သူကြားတွင် ကြားလာရသည်။ (အင်တာနက်)

အီရတ်နိုင်ငံ မြောက်ပိုင်း၌ အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံး

ဘဂ္ဂဒက် ဧပြီ ၂၆

အီရတ်နိုင်ငံမြောက်ပိုင်းတွင် စစ်ဆင်ရေးအတွင်း ရန်သူ့လက်ချက်ဖြင့် မဟုတ်ဘဲ အမေရိကန် တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးကြောင်း အမေရိကန်စစ်ဘက်က ဧပြီ ၂၄ရက်တွင် ကြေညာသည်။

ကားမှောက်

စစ်ဘက်ကြေညာချက်အရ နိုင်ငံစုံတပ်မတွင် တာဝန်ထမ်းဆောင်လျက်ရှိသော အမေရိကန်တပ်ဖွဲ့ ဝင်နှစ်ဦးအား ဧပြီ ၂၃ရက်က ဆာလာဟူဒင်ပြည်နယ်အတွင်း ကားမှောက်ပြီး သေဆုံးသွားခြင်းဖြစ်ကြောင်း သိရသည်။ ထိုကားမှောက်မှုကြောင့် တပ်ဖွဲ့ဝင်တစ်ဦးနှင့် စကားပြန်တစ်ဦးတို့လည်း ဒဏ်ရာရ သွားကြသည်ဟုဆိုသည်။

အမ်အင်န်အေဆင်ဟွာ

အမေရိကန် ကမ်းရိုးတန်း၌ ငါးမန်းဖြူတိုက်ခိုက်မှု ရေကူးသမားသေဆုံး

ဆန်ဒီဂို ဧပြီ ၂၆

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်ရှိ ကမ်းရိုးတန်းတွင် ရှားပါးငါးမန်းဖြူတစ်ကောင်၏ တိုက်ခိုက်မှုကြောင့် အသက်(၆၆)နှစ်အရွယ်ရှိ ရေကူးသမား အမျိုးသားတစ်ဦး သေဆုံးခဲ့ပြီးနောက် မိုင်ပေါင်းများစွာရှည်လျားသည့် ယင်းကမ်းရိုး တန်းကို ပိတ်ပစ်ခဲ့ရသည်ဟုဆိုသည်။

ဒေးဗစ်မာတင်အမည်ရှိ အဆိုပါ အမျိုးသားသည် ဆန်ဒီဂိုမြို့၏ မြောက်ဘက်၁၄မိုင်အကွာ ပစိဖိတ်ကမ်းရိုးတန်းရှိ ဆိုလာနာကမ်းခြေတွင်ရေကူးစဉ် ထိုကဲ့သို့ တိုက်ခိုက်ခံရခြင်းဖြစ်သည်။

တိုက်ခိုက်ခံရ

အငြိမ်းစား တိရစ္ဆာန်ဆေးကုဆရာဝန်ဖြစ်သူ ဒေးဗစ်မာတင်သည် ကမ်းခြေမှ ၁၃၇မီတာအကွာတွင် ရေကူး၊ စက်ဘီးနှင့် အပြေးသုံးမျိုးပြိုင်ပွဲ အဖွဲ့တစ်ဖွဲ့နှင့်အတူ ရေကူးလေ့ကျင့်နေစဉ် တိုက်ခိုက်ခံရခြင်းဖြစ်ပြီး ယင်းငါးမန်းသည် ထွက်မပြေးမီ ၎င်း၏ခြေထောက်နှစ်ဖက်စလုံးကို ကိုက်ခဲ့သည်ဟုဆိုသည်။ (အင်တာနက်)

ယူကရိန်းနိုင်ငံအလယ်ပိုင်း ကီယက်ဗ်မြို့တွင် ဧပြီ ၂၇ရက်(ယနေ့)တွင်ကျင်းပမည့် အီစတာပွဲတော်အတွက် ကြက်သွန်ဥအလုံး ၁၇၀၀၀ဖြင့် ပြုလုပ်ထားသည့် အဆောက်အအုံပုံစံငယ်များကို ဧပြီ ၂၆ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ဘဝအမောပြေ

လိုချင်တာက . . .

တိရစ္ဆာန်ဥယျာဉ်တွင် တစ်ကောင်တည်းရှိသည့် မျောက်ဝံကြီး ရုတ်တရက်သေဆုံးသွားသဖြင့် လာရောက်ကြည့်ရှုသောလူများ ဟန်မပျက် ကြည့်ရှုနိုင်ရန် တိရစ္ဆာန်ဥယျာဉ်၌ ပထမဆုံး အလုပ်ဝင်သောလူတစ်ဦးအား မျောက်ဝံအရေခွံကို ခြုံခိုင်းကာ ထိုင်ခိုင်းထားလေသည်။ ထိုအချိန်၌ ၎င်း၏ချစ်သူမိန်းကလေးက တခြားအမျိုးသား တစ်ဦးနှင့် တွဲလာသည်ကိုမြင်သော် မျောက်ဝံအရေခွံအောက်မှ ဒေါသထွက်လျက်ရှိပြီး ထိုစုံတွဲရောက်သည်နှင့် ကျောခိုင်းလိုက်ရာ...

မိန်းကလေး ။ ။ မျောက်ဝံကြီး...ဒီဘက်လှည့်ပါဦး။ **(မျောက်ဝံသားရေခြုံထားသူကမလှည့်။)**

အမျိုးသား ။ ။ မျောက်ဝံကြီး...ဒီဘက်လှည့်ပါဦး။ **(မျောက်ဝံကားမလှည့်)**

မိန်းကလေး ။ ။ မျောက်ဝံကြီး...ငှက်ပျောသီးစားပါ။ **(ငှက်ပျောသီးပစ်ပေးလိုက်သည်။ မျောက်ဝံကားမလှုပ်။)**

အမျိုးသား ။ ။ မျောက်ဝံကြီး...ပန်းသီးစားလေ။ **(ပန်းသီးပစ်ပေးလိုက်သည်။ မျောက်ဝံကားကျောခိုင်းမြဲ။)**

မိန်းကလေးနှင့်အမျိုးသား ။ ။ မျောက်ဝံကြီးဘာစားချင်လဲ... (ထိုအခါမျောက်ဝံအရေခွံခြုံထားသူက လှည့်ကြည့်ပြီး ပြောလိုက်သည်မှာ...)

မျောက်ဝံ ။ ။ "ဓားတစ်ချောင်းပဲ လိုချင်တယ်"

နိုင်ငံတကာသတင်း စုစည်း ဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

ထူးခြားဖြစ်စဉ် ကမ္ဘာတစ်ခွင်

■ အမေရိကန်နိုင်ငံ မင်ဟတ်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဧပြီ ၂၆ရက်က ခရီးသည် ၇၅ဦးပါရှိသော လေယာဉ်တစ်စင်း စက်ချွတ်ယွင်းမှုကြောင့် အရေးပေါ်ဆင်းသက်ခဲ့ရကြောင်း၊ ဒဏ်ရာရသူမရှိကြောင်း သိရသည်။

➢ **ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့တွင် ဧပြီ ၂၆ရက်က ခရီးသည်တင် စက်လှေတစ်စင်း ပေ ၂၀ခန့်မြင့်သော လှိုင်းလုံးများ ရိုက်ခတ်ခံရမှုကြောင့် နစ်မြုပ်ခဲ့ရာ ခရီးသည် ၁၀ဦး ပျောက်ဆုံးလျက်ရှိသည်။**

■ ကနေဒါနိုင်ငံ အော့တဝါမြို့၌ ဧပြီ ၂၆ရက်က မိုးသည်းထန်စွာ ရွာသွန်းခဲ့ရာ ရေလွှမ်းမိုးမှုများဖြစ်ပေါ်ခဲ့ပြီး ငါးဦးသေဆုံးကာ နေအိမ်အများအပြား ရေဘေးဒုက္ခကြုံတွေ့ရလျက်ရှိသည်။ **(အပေါ်ပုံ)**

➢ **တရုတ်နိုင်ငံအနောက်မြောက်ပိုင်း ရှန်ရှာဝူမြို့အနီး အထပ်မြင့်အဆောက်အအုံတစ်ခု ဧပြီ ၂၆ရက်က ပြိုကျခဲ့ရာ တစ်ဦးသေဆုံးပြီး အများအပြားဒဏ်ရာရရှိခဲ့သည်။**

■ အိန္ဒိယနိုင်ငံ ကီရာလာပြည်နယ်ရှိ ကူဒါမာနီကမ်အရပ်၌ ဧပြီ ၂၆ရက်က ဆင်ရိုင်းတစ်ကောင် သောင်းကျန်းမှုကြောင့် ဒေသခံသုံးဦး သေဆုံးသွားခဲ့သည်။

➢ **အင်ဒိုနီးရှားနိုင်ငံ အလယ်ပိုင်း ကာလီမင်တန်ပြည်နယ် ဘာရီတိုရွာ၌ ဧပြီ ၂၆ရက်က မိုးသည်းထန်စွာရွာပြီး မြစ်ရေလျှံမှုကြောင့် ဒေသခံနှစ်ဦးသေဆုံးခဲ့သည်။**

သူတို့အတွေးနှင့်အမြင်

* ***In all things, success depend upon previous preparation, and without such preparation there is sure to be failure.***

အရာအားလုံးတို့၌ အောင်မြင်မှုရရန်မှာ ကြိုတင်ပြင်ဆင်ထားမှုအပေါ်တွင် မူတည်ပြီး ထိုကဲ့သို့ ကြိုတင်မပြင်ဆင်ထားပါက ရှုံးနိမ့်မှာသေချာသည်။

ကွန်ဖြူးရှပ်
(တရုတ်လူမျိုး အတွေးအခေါ်ပညာရှင်)

* ***A man is a worker. If he is not that he is nothing.***

လူဆိုသည်မှာ အလုပ်သမားဖြစ်ပြီး အလုပ်မလုပ်ပါက သူသည်ဘာမျှမဟုတ်တော့ပါချေ။

ဂျိုးဇက်ကွန်ရက်ဒ်
(ပိုလန်လူမျိုး စာရေးဆရာ)

လေပြေလေညှင်းကလေးဆောင်လာသော ကင်ညာ

သတင်းအက်ဆေး

အာဖရိကတိုက် အရှေ့ဘက် အိန္ဒိယသမုဒ္ဒရာကမ်းခြေဒေသမှ ကင်ညာနိုင်ငံမှာ ယခုအခါ မုန်တိုင်းထန်ပြီး ပြန်လည်ငြိမ်သက်သည့်အလား အေးဆေးတည်ငြိမ်၍ လာပြီဖြစ်သည်။ မုန်တိုင်းထန်သည့် ကာလမှာ ၂၀၀၇ ခုနှစ်ဒီဇင်ဘာ ၂၇ရက် သမ္မတရွေးကောက်ပွဲ ပြဿနာမှ မကြာမီအထိ ကြာမြင့်ခဲ့သည်။

သမ္မတ ကီဘာကီ(ဝဲပုံ)နှင့် အိုဒင်ဂါတို့ ဆုံအတွေ့။

မကျေနပ်ရာမှ

ကင်ညာသမ္မတရွေးကောက်ပွဲ ပြဿနာမှာ ဇင်ဘာဘွေသမ္မတရွေးကောက်ပွဲ ပြဿနာနှင့် စတင်ပေါ်ပေါက်ပုံချင်းမတူပေ။ ဇင်ဘာဘွေသမ္မတ ရွေးကောက်ပွဲပြဿနာမှာ ရွေးကောက်ပွဲရလဒ်ကို ထုတ်ပြန်နိုင်ခြင်းမရှိဘဲ အချိန်ဆွဲထားခြင်းကြောင့်ဖြစ်သည်။ ကင်ညာသမ္မတရွေးကောက်ပွဲ၌ ထိုသို့မဟုတ်ပေ။ ရွေးကောက်ပွဲကော်မရှင်က သမ္မတကီဘာကီအနိုင်ရကြောင်း ကြေညာသည်ကို မကျေနပ်ရာမှ ပြဿနာကြီးထွားကာ ဆိုးဆိုးရွားရွား ဖြစ်ခဲ့ရသည်။

သမ္မတရွေးကောက်ပွဲတွင် မဲကလိမ်ကျမှုများရှိကြောင်း၊ တစ်နေရာတွင် မဲထည့်သူ အရေအတွက်မှာ ၁၁၅ရာခိုင်နှုန်းအထိရှိကြောင်း နိုင်ငံတကာလေ့လာရေးအဖွဲ့ တစ်ခုက ကြေညာသည်။

ဆူပူအကြမ်းဖက်

သမ္မတ ကီဘာကီကို ရွေးကောက်ပွဲ၌ အဓိကစိန်ခေါ်နိုင်သူမှာ လိမ္မော်ရောင် ဒီမိုကရေစီ လှုပ်ရှားမှုပါတီ (အိုဒီအမ်)ခေါင်းဆောင် မစ္စတာအိုဒင်ဂါဖြစ်သည်။ အတိုက်အခံခေါင်းဆောင် အိုဒင်ဂါကိုထောက်ခံသူများက သမ္မတရွေးကောက်ပွဲ၌ မဲခိုး၍သာ အိုဒင်ဂါ ရှုံးရသည်ဟု အခိုင်အမာယုံကြည်ရာမှ ဆူပူအကြမ်းဖက်မှုများ စတင်ပေါ်ပေါက်သည်။

ကင်ညာနိုင်ငံ၌ လူဦးရေ ၃၄ဒသမ ၃သန်းရှိသည့်အနက် ကီကူယုလူမျိုးက ၂၂ ရာခိုင်နှုန်း၊ လူယာလူမျိုးက ၁၄ရာခိုင်နှုန်း၊ လူအိုလူမျိုးက ၁၃ရာခိုင်နှုန်း၊ ကာလင်ဂျင်လူမျိုးက ၁၂ ရာခိုင်နှုန်းနှင့် ကမ်ဘာလူမျိုးက ၁၁ ရာခိုင်နှုန်း အသီးသီး ရှိသည်။ ထို့ပြင် နူဘီယင်၊ မားဆိုင်နှင့် ဆမ်ဘူရူလူမျိုးစုတို့ နေထိုင်သည်။

ကင်ညာနိုင်ငံ၏ လက်ငင်းပြဿနာမှာ သမ္မတရွေးကောက်ပွဲစာရင်း ထုတ်ပြန်ကြေညာချက်အပေါ် အတိုက်အခံ ထောက်ခံသူများက မကျေနပ်မှုဖြစ်ကာ ကန့်ကွက်ဆူပူအကြမ်းဖက်ခြင်းဖြစ်သည်။ လူ၁၅၀၀ သေဆုံးရပြီး ပြည်သူ ၆၀၀၀၀၀ အိုးအိမ်စွန့်ခွာထွက်ပြေးရသည်။ ယခုတိုင် ပြည်သူ ၁၄၀၀၀၀တို့ အိုးမဲ့အိမ်မဲ့ဘဝတွင် ရှိနေကြတော့သည်။

ယင်းသို့ဆူပူအကြမ်းဖက်ခြင်းမှာ ယခုမှမဟုတ် ၁၉၆၃ခုနှစ်တွင် ကင်ညာနိုင်ငံ လွတ်လပ်ရေးရကတည်းက လူမျိုးရေးပဋိပက္ခကြောင့် အကြမ်းဖက်မှုများ သမိုင်းနှင့်ချီ၍ ပေါ်ပေါက်ခဲ့သည်။

သူကောင်းပြုနိုင်သည့်အာဏာနှင့် အဂတိလိုက်စားမှုတို့မှာ ကင်ညာ၌ရိုး၍ပင် နေလေသည်။ ဆွေမျိုးသားချင်းထဲမှ အာဏာရလာလျှင် ပွပေါက်တိုးမည်ဟု ကင်ညာပြည်သူအများက ခံယူထားသည်။ လက်ရှိလူမျိုးရေးပဋိပက္ခမှာ ထိုစဉ်က သမ္မတဒင်နီယယ် အာရပ်မွိုင်လက်ထက်က စတင်ခဲ့သည်။ အာရပ်မွိုင်သည် ၁၉၇၈ခုနှစ်မှစကာ ၂၄နှစ်ကြာ အုပ်ချုပ်ခဲ့သူဖြစ်သည်။ အာရပ်မွိုင်ကို ပါတီစုံနိုင်ငံရေးကျင့်သုံးရန်အကျပ်ကိုင်ခဲ့ရသည်။

အာရပ်မွိုင်၏ ကာလင်ဂျင်လူမျိုးစုဝင်များသည် ရစ်ဖ်ဗဲလီပြည်နယ်၌ အများစုဖြစ်ပြီး ကြီးစိုးခဲ့သည်။ အခြေအနေပြောင်းသွားချိန်မှစ၍ စီးပွားရေးပိုမိုလွတ်လပ်ခွင့်နှင့်အတူ ဖက်ဒရယ်စနစ်ထူထောင်ရေးအတွက် တိုက်ပွဲဝင်လာသည်။ အိုဒင်ဂါကို သူတို့ထောက်ခံကြသည်။

လူအိုလူမျိုး မစ္စတာအိုဒင်ဂါသည် လူမျိုးစုများအကြားတွင် ထောက်ခံမှုရရှိသည်။ ကင်ညာနိုင်ငံ၏လက်ရှိနိုင်ငံရေး အဆောက်အအုံကို ပြုပြင်မည့်သူအနေဖြင့် သူ့ကိုယ်သူ

မားဆိုလူမျိုးစု လုပ်ပို့ဖြူများ

ရုပ်လုံးဖော်ထားသည်။ အလွန်အမင်း ဝင်ငွေကွာဟမှုကို ကိုင်တွယ်မည်ဟုလည်း အိုဒင်ဂါက ရွေးကောက်ပွဲ မဲဆွယ်စဉ် ပြောကြားထားသည်။

သမ္မတကီဘာကီသည် ၂၀၀၂ခုနှစ် ရွေးကောက်ပွဲတွင် ပြိုင်ဘက် ကင်ညက်တာကို အပြတ်နိုင်ရလိုက်သည်။ သို့ဖြင့် အာရပ်မွိုင်၏ ၂၄နှစ်ကြာအုပ်ချုပ်မှုနှင့် ကာနုပါတီ၏နှစ် ၄၀ကြာ အာဏာရမှု အဆုံးသတ်သွားစေသည်။ ကီဘာကီက စီးပွားရေး ဖွံ့ဖြိုးအောင် ဆောင်ရွက်မည်ဟု ကတိပြုသည့်အတိုင်း စီးပွားရေးကောင်းမွန် တိုးတက်ခဲ့သည်။ သို့သော် ကင်ညာပြည်သူအများစုမှာ ဖွံ့ဖြိုးမှု၏အကျိုးကို မခံစား၊ မစံစားကြရ။

နိုင်ရိုဘီမြို့တော်တစ်ခို ဆင်ခြေဖုံး ဆင်းရဲသားရပ်ကွက်များမှာ စုတ်ပြတ်ပေရေကာ အကြမ်းဖက်အုပ်စုများ၏ရန်၊ ရေမီးမမှန်သည့် ပြဿနာများနှင့် နပန်းလုံးနေရသည်။

သမ္မတ ကီဘာကီသည် ကင်ညာ၌ အကြီးဆုံး လူမျိုးစုကီကူယုတို့၏ ထောက်ခံမဲပေါ် အဓိကအားထားသည်။ အရေးကြုံလာသောအခါ အိုဒင်ဂါကိုထောက်ခံသည့် လူမျိုးစုအများအပြား အပါအဝင် ကင်ညာပြည်သူတို့သည် ကီဘာကီကို ထောက်ခံသူများအဖြစ် ရှုမြင်ရသော ကီကူယုလူမျိုးများကို တိုက်ခိုက်ကြတော့သည်။

သတ်ဖြတ်မှုများ

အိုဒီအမ်ပါတီ အမာခံနယ်မြေ ကီဆူမူနှင့် ဟွမ်ဘာဆာတို့တွင် အကြမ်းဖက်မှုများ တစ်ပြိုင်တည်းလို ဖြစ်ပွားသည်။ လုယက်မှုများ ကျူးလွန်သည်။ သို့သော် ဤအရေးအခင်းအတွင်း သွေးထွက်သံယို အများဆုံးရှိသည့် ရစ်ဖ်ဗဲလီပြည်နယ်တွင် ဘုရားကျောင်းအတွင်း အရှင်လတ်လတ် မီးရှို့သတ်ခံရ၍ သေဆုံးသူ ၃၀အပါအဝင် သတ်ဖြတ်မှုများမှာ စီးလားရိုက်ထားသလို ဖြစ်သည်။

မိုလိုမှမျက်မြင်တွေ့ရှိသူများ၏ ပြောပြချက်အရ သေနတ်အချို့နှင့် လေးမြားများ ကိုင်ဆောင်ထားသူ ကာလင်ဂျင်အုပ်စုများ တင်ဆောင်လာသည့် မော်တော်ကားများသည် ကီကူယုလူမျိုးစုဒေသသို့ ဆိုက်လာပြီးနောက် ကားပေါ်ပါလာသူများက နေအိမ်များကို မီးတင်ရှို့သည်။

ဤမည်သောနိုင်ငံရေးနှင့် လူမျိုးရေးဆူပူအကြမ်းဖက်မှုများ၊ လူ့အခွင့်အရေးချိုးဖောက်မှုများ ရပ်တန့်သွားစေရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ကိုဖီအန်နန်အပါအဝင် နိုင်ငံတကာ၏ ကြားဝင်ဆောင်ရွက်ပေးမှုကြောင့် သမ္မတကီဘာကီနှင့် အိုဒင်ဂါတို့ အာဏာခွဲဝေယူကာ အပေးအယူ မျှတသွားသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ကာ အိုဒင်ဂါအား ဝန်ကြီးချုပ်ရာထူးတီထွင်တာဝန်ပေးလိုက်သည်။ အစိုးရအဖွဲ့တွင် ရာထူးများ ခွဲဝေယူကြသည်။

ယခုတိုင် ၁၄၀၀၀၀တို့ အိုးမဲ့အိမ်မဲ့ ဖြစ်နေကြသေးသော်လည်း သမ္မတရွေးကောက်ပွဲအပြီး စတင်ခဲ့သောလူပေါင်း ၁၅၀၀သေဆုံးကာ ပြည်သူ ၆၀၀၀၀၀ အိုးအိမ်စွန့်ခွာ ထွက်ပြေးခဲ့သည့် မုန်တိုင်းကာလသည် လွန်မြောက်ခဲ့၍ ယခုအခါ လေပြေလေညှင်းကလေးဆောင်လာသော ကင်ညာနိုင်ငံ ဖြစ်ခဲ့ပေပြီ။

သမ္မတကီဘာကီနှင့် ဝန်ကြီးချုပ် အိုဒင်ဂါတို့အတူတကွ တိုင်းခန်းလှည့်လည်ကာ ပြုပြင်တည်ဆောက်ရေးကို ဆောင်ရွက်နေကြပေပြီ။ သို့သော် အောက်ခြေမှ ပြည်သူတို့အကြား အမှန်ပင် ပြန်လည်ရင်ကြားစေ့နိုင်ပါမည်လားဟူ၍မူ မေးခွန်းထုတ်စရာများ ရှိနေပါကြောင်း။ ။

ကိုးကား-အင်တာနက်

တိုး -ရေးသားသည်

ပြည်ပသတင်း နောက်ဆုံးဖြစ်ရပ်များ

၂၆-၄-၂၀၀၈

ပုဂ္ဂလိက လေဆိပ်များ အိန္ဒိယ၌ တည်ဆောက်ခွင့်ပြုမည်

အိန္ဒိယနိုင်ငံတွင် ပုဂ္ဂလိကလေဆိပ်များ တည်ဆောက်မှုကို ခွင့်ပြုသွားမည်ဖြစ်ကြောင်း အိန္ဒိယအစိုးရ အရာရှိများက ပြောကြားသည်။

အိန္ဒိယနိုင်ငံတစ်ဝန်း၌ လေဆိပ်ပေါင်း ၅၀၀ခန့် လိုအပ်လျက်ရှိရာ လေကြောင်းခရီးသွားလာမှု ဖွံ့ဖြိုးတိုးတက်လာရေးအတွက် ပုဂ္ဂလိကလေဆိပ်များ တည်ဆောက်မှုကို ခွင့်ပြုသွားမည်ဟု ၎င်းတို့က ပြောကြားသည်။

ဂျပန်သို့ ဓာတ်ငွေ့ရည်များ ရုရှားတင်ပို့မည်

ရုရှားနိုင်ငံအနေဖြင့် ဂျပန်နိုင်ငံသို့ သဘာဝဓာတ်ငွေ့ရည်များကို တင်ပို့ဖြည့်ဆည်း ပေးသွားမည်ဖြစ်ကြောင်း ရုရှားစွမ်းအင် အရာရှိများက ပြောကြားသည်။

ထိုသို့ ဓာတ်ငွေ့ရည်များတင်ပို့မှုကို ၂၀၀၉ခုနှစ်မှ စတင်အကောင်အထည်ဖော်သွားမည် ဖြစ်ပြီး နှစ်စဉ်သဘာဝဓာတ်ငွေ့ရည်တန်ချိန် ၈သန်းထောက်ပံ့ဖြည့်ဆည်းပေးသွားမည်ဖြစ်သည်။

တရုတ်-ပါကစ္စတန် ကဏ္ဍာစုံ၌ ပူးပေါင်းမည်

တရုတ်နှင့်ပါကစ္စတန်တို့ ကဏ္ဍာစုံတွင် ပူးပေါင်းဆောင်ရွက်သွားကြရန် နှစ်နိုင်ငံ အရာရှိများက သဘောတူညီလိုက်ကြသည်ဟု ပါကစ္စတန်အရာရှိများက ပြောကြားသည်။

နှစ်နိုင်ငံအကြား ကာကွယ်ရေး၊ ကုန်သွယ်ရေးနှင့်အခြားနယ်ပယ်အသီးသီးတို့တွင် ယခုထက် ပိုမိုနီးနီးကပ်ကပ်ပူးပေါင်းဆောင်ရွက်သွားကြမည်ဟု ၎င်းတို့ကပြောကြားသည်။

ကမ္ဘာ့ရွှေဈေးနှုန်းကျဆင်းမြဲ

ကမ္ဘာ့ဈေးကွက်၌ ရွှေဈေးနှုန်းများ ဆက်လက်ကျဆင်းလျက်ရှိကြောင်း တရုတ်ရွှေလုပ်ငန်းရှင်များက ပြောကြားသည်။

တရုတ်ဈေးကွက်၌ ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၈၈၃ဒသမ ၀၈ဒေါ်လာအထိ ကျဆင်းလျက်ရှိကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။

ဥရောပအာကာသကုန်တင်ယာဉ် နိုင်ငံတကာအာကာသယာဉ်စခန်းနှင့်ချိတ်ဆက်မိ

ဥရောပအာကာသအေဂျင်စီမှ လွှတ်တင်လိုက်သော အာကာသကုန်တင်ယာဉ်သည် နိုင်ငံတကာအာကာသယာဉ်စခန်းသို့ ချိတ်ဆက်မိသွားပြီဖြစ်ကြောင်း ဥရောပအာကာသ အေဂျင်စီမှ အရာရှိများက ပြောကြားသည်။ အဆိုပါ အာကာသကုန်တင်ယာဉ် အေတီဗွီ၌ ကုန်ပစ္စည်းတန်ချိန်ငါးတန်ခန့် သယ်ဆောင်သွားခဲ့ပြီး နိုင်ငံတကာ အာကာသယာဉ်စခန်းသို့ ကုန်ပစ္စည်းများ ထောက်ပံ့ပေးရန် စေလွှတ်ခဲ့ခြင်းဖြစ်သည်။

တောင်ကိုရီးယားသမ္မတ ပေကျင်းအိုလံပစ်ပွဲတော် ဖွင့်ပွဲတက်ရောက်မည်

တောင်ကိုရီးယားသမ္မတ အီမြောင်ဘတ်က မိမိသည် ပေကျင်းအိုလံပစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်မည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားသည်။

အိုလံပစ်အားကစားပွဲတော်သည် ငြိမ်းချမ်းရေး၏ အထိမ်းအမှတ် တစ်ခုဖြစ်ကြောင်း၊ တရုတ်နိုင်ငံနှင့် ဆက်ဆံရေးတိုးတက်ကောင်းမွန်စေရန်အတွက် အဆိုပါ ဖွင့်ပွဲအခမ်းအနားကို မိမိ တက်ရောက်ခြင်းဖြစ်သည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ပါကစ္စတန်နှင့် အိန္ဒိယနိုင်ငံတို့ ဓာတ်ငွေ့ပိုက်လိုင်းကိစ္စ ဆွေးနွေး

ပါကစ္စတန်နှင့် အိန္ဒိယနိုင်ငံတို့ ဓာတ်ငွေ့ပိုက်လိုင်း သွယ်တန်းရေးနှင့် ပတ်သက်၍ နှစ်ဖက်စွမ်းအင်အရာရှိများ ဆွေးနွေးလျက်ရှိကြောင်း သိရသည်။

အီရန်-ပါကစ္စတန်-အိန္ဒိယဓာတ်ငွေ့ ပိုက်လိုင်းသွယ်တန်းမှု နှောင့်နှေးကြန့်ကြာမှုမဖြစ်စေရန် စွမ်းအင်လိုအပ်မှုရှိနေသော နှစ်နိုင်ငံအနေဖြင့် ဓာတ်ငွေ့ပိုက်လိုင်း အမြန်ဆုံး အကောင်အထည်ဖော်နိုင်ရေး ဆောင်ရွက်ကြမည်ဖြစ်သည်။

ဖိလစ်ပိုင် မကာအိုလေကြောင်းခရီးစဉ် တိုးချဲ့ပျံသန်းမည်

ဖိလစ်ပိုင်လေကြောင်း (ပီအေအယ်လ်)က တရုတ်နိုင်ငံ မကာအိုသို့ လေကြောင်းခရီးစဉ်များ တိုးချဲ့ပျံသန်းသွားမည်ဖြစ်ကြောင်း ဖိလစ်ပိုင်လေကြောင်းအရာရှိများက ပြောကြားသည်။

အဆိုပါလေကြောင်းခရီးစဉ်များ တိုးချဲ့ပျံသန်းမှုကို မေ ၁ရက်မှ စတင်မည်ဖြစ်ပြီး သီတင်းတစ်ပတ်လျှင် ငါးကြိမ်ပျံသန်းသွားမည် ဖြစ်သည်။

27-4 (05).pmd 1 4/27/2008, 1:13 AM

ခရီးသွားလုပ်ငန်း တိုးတက်လာမှု တရုတ်လေကြောင်းလိုင်း ဝင်ငွေကောင်း

ပေကျင်း မေ ၂၆

တရုတ်နိုင်ငံ၏ စီးပွားရေးလျင်မြန်စွာ တိုးတက်လာမှုနှင့်အတူ ခရီးသွားလုပ်ငန်းမှာလည်း တိုးတက်လာခြင်းကြောင့် တရုတ်လေကြောင်း အဲချိုင်းနား **(အပေါ်ပုံ)** ၏ အမြတ်ဝင်ငွေမှာ ၁၄၇ရာခိုင်နှုန်း တိုးတက်လာသည်။

ယင်းလေကြောင်းလိုင်းသည် ယခုနှစ် ပထမသုံးလအတွင်း အသားတင်အမြတ်ဝင်ငွေ ယွမ် ၁ဒသမ၀၄ဘီလီယံ(အမေရိကန်ဒေါ်လာ ၁၄၉သန်း) ရရှိခဲ့သည်ဟုဆိုသည်။

ပိုမိုလာရောက်

ယွမ်တန်ဖိုးတက်ပြီး ဒေါ်လာတန်ဖိုး ကျဆင်းလာမှုကြောင့်လည်း အမြတ်ဝင်ငွေမှာ ပို၍များခဲ့သည်။ ယင်းလေကြောင်းလိုင်းက အိုလံပစ်ပွဲတော် ကာလအတွင်း ခရီးသွားများ ပိုမိုလာရောက်လိမ့်မည်ဟု မျှော်လင့်ထားသည်။

(အင်တာနက်)

သမ္မတရွေးကောက်ပွဲ၌ မက်ကိန်းကို အနိုင်ယူမည့်သူ ဟီလာရီကလင်တန်က သူသာလျှင်ဖြစ်ဟုဆို

ဝါရှင်တန် မေ ၂၆

နိုဝင်ဘာလဆန်း အမေရိကန်သမ္မတရွေးကောက်ပွဲတွင် ရီပတ်ဘလီကင်ပါတီ ကိုယ်စားလှယ်လောင်းဂျွန်မက်ကိန်း အနိုင်ယူရန် သူသာလျှင်အသင့်လျော်ဆုံး ဒီမိုကရက်တစ်ပါတီကိုယ်စားလှယ်လောင်း ဖြစ်ကြောင်း ဟီလာရီကလင်တန်က ပြောကြားလိုက်သည်။

ပင်ဆယ်ဗေးနီးယားပြည်နယ် အကြိုရွေးကောက်ပွဲ၌ အိုဘားမားအပေါ်အနိုင်ရခြင်းမှာ သူ့အနေဖြင့်ပြည်သူတို့၏ ထောက်ခံမှုကျယ်ကျယ်ပြန့်ပြန့် ရရှိနိုင်ကြောင်း ပြသလိုက်ခြင်းဖြစ်သည်ဟုလည်း ဟီလာရီကလင်တန် **(အောက်ပုံ)** က ပြောကြားသည်။

အိုဘားမားသည် ဟီလာရီထက် ရွေးချယ်ခံရသည့် ညီလာခံကိုယ်စားလှယ်ဦးရေနှင့် မဲဆွယ်ပွဲ ရန်ပုံငွေ ပိုမိုရရှိထားသူ ဖြစ်သည်။

မေ ၂၂ရက် (အင်္ဂါနေ့) ပင်ဆယ်ဗေးနီးယားပြည်နယ် အကြိုရွေးကောက်ပွဲအပြီး ရန်ပုံငွေထည့်ကြရန် ဆော်ဩလိုက်သဖြင့် ရန်ပုံငွေဒေါ်လာ ၃သန်းရရှိကြောင်း ဟီလာရီကလင်တန်က ပြောကြားသည်။

မဲဆွယ်ပွဲ ရန်ပုံငွေ

သူ့ထက်ပိုမိုသုံးစွဲသူ ပြိုင်ဘက်တစ်ဦးအပေါ် ဆက်လက်အနိုင်ယူရေးတွင် မဲဆွယ်ပွဲ ရန်ပုံငွေ အလုံအလောက်ရရှိရေးသည်သာ တစ်ခုတည်းသောနည်းလမ်းဖြစ်ကြောင်း ဟီလာရီကလင်တန်က ပြောကြားသည်။

ပင်ဆယ်ဗေးနီးယားပြည်နယ် အကြိုရွေးကောက်ပွဲတွင် ဆန္ဒမဲ ၉၉ရာခိုင်နှုန်းကျော်ကို ရေတွက်ပြီးစီးသောအခါ ဟီလာရီကလင်တန်က ၅၄ဒသမ ၃ရာခိုင်နှုန်း၊ အိုဘားမားက ၄၅ဒသမ ၇ရာခိုင်နှုန်း အသီးသီးရရှိကြသည်။

အောင်ပွဲဆင်နိုင်မည်

နောက်ထပ် အကြိုရွေးကောက်ပွဲ ကိုးကြိမ်ယှဉ်ပြိုင်ရန်ကျန်ရှိသေးသည်။ အကြိုရွေးကောက်ပွဲအများအပြားတွင် ဆက်လက်အောင်ပွဲဆင်နိုင်မည်ဟု ယုံကြည်ကြောင်း ဟီလာရီကလင်တန်က ပြောကြားသည်။

သမ္မတရွေးကောက်ပွဲတွင် ဂျွန်မက်ကိန်းကို ဘယ်သူနိုင်မည်နည်းဟူသော မေးခွန်းကို ပင်ဆယ်ဗေးနီးယားပြည်နယ် မဲဆန္ဒရှင်များ ကိုယ့်ကိုယ်ကို မေးခွန်းထုတ်သကဲ့သို့ အခြားအခြားသော မဲဆန္ဒရှင်များနှင့် ညီလာခံကိုယ်စားလှယ်တို့က မေးခွန်းထုတ်ကြလျှင် မိမိအနေဖြင့် ဒီမိုကရက်တစ်ပါတီ ကိုယ်စားလှယ်လောင်းဖြစ်မှာ သေချာသည်ဟု ဟီလာရီကလင်တန်က ထုတ်ဖော်ပြောကြားလိုက်သည်။

(အင်တာနက်)

အာဖဂန်၌ လမ်းဘေးဗုံးပေါက်ကွဲ လေးဦးဒဏ်ရာရ

ကဘူးလ် မေ ၂၆

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်း ကို့စ်ပြည်နယ်တွင် မေ ၂၆ရက်က လမ်းဘေးဗုံးပေါက်ကွဲမှု ဖြစ်ပွားရာ ရဲအရာရှိတစ်ဦး အပါအဝင် လေးဦး ဒဏ်ရာရရှိသွားခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဖောက်ခွဲတိုက်ခိုက်

ပေါက်ကွဲမှုမှာ ဂါဘတ်စ်ဒေသ၌ ယင်းနေ့ နံနက် ၈နာရီတွင် ယာဉ်တစ်စီးအား ဖောက်ခွဲတိုက်ခိုက်ခြင်းဖြစ်သည်။

သေဆုံး

ယခုနှစ်အတွင်း အာဖဂန်နစ္စတန်နိုင်ငံတွင် ဖြစ်ပွားသော အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ၄၀၀ကျော် သေဆုံးခဲ့ပြီးဖြစ်သည်။ **(အင်တာနက်)**

ကမ္ဘာတစ်ဝန်း နှလုံးရောဂါဖြစ်ပွားမှု တိုးပွားနေ နှစ်စဉ်လူပေါင်း ခုနစ်သန်းကျော် သေဆုံးနေရ

နယူးဒေလီ မေ ၂၆

အိန္ဒိယသုတေသန ပညာရှင်များသည် နှစ်နှစ်အတွင်း ကမ္ဘာတစ်ဝန်းရှိ နှလုံးရောဂါဖြစ်ပွားသူ ၆၀ရာခိုင်နှုန်း စာရင်းကောက်ယူပြုစုသွားမည်ဖြစ်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

သုတေသနပြုလေ့လာ

အဆိုပါ သုတေသနပြုလေ့လာချက်ကို ဗြိတိသျှလန်းဆက်ဂျာနယ်က ရေးသားဖော်ပြသည်။ နှလုံးရောဂါကြောင့် နှစ်စဉ်ကမ္ဘာတစ်ဝန်း လူဦးရေ ၇ဒသမ ၁သန်း သေဆုံးနေရကြောင်း ယင်းလေ့လာချက်တွင် ရေးသားဖော်ပြသည်။

နှလုံးကျန်းမာရေး

ကမ္ဘာတစ်ဝန်း နှလုံးရောဂါ အများဆုံးဖြစ်ပွားရာဒေသမှာ တောင်အာရှဒေသဖြစ်ကြောင်း စာရင်းဇယားများတွင် ဖော်ပြသည်။ အိန္ဒိယနိုင်ငံသည် စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ နှလုံးနှင့်ပတ်သက်သောရောဂါဖြစ်ပွားမှုမှာလည်း တိုးလာသည်။ ယင်းသုတေသနပြုလုပ်ငန်းကို ကနေဒါနှင့် ဘန်ဂလိုရီ နှလုံးကျန်းမာရေးသိပ္ပံမှ ဒေါက်တာဒင်းနစ်ဇာဗီယာက ဦးဆောင်လေ့လာခဲ့သည်။

ယင်းသုတေသနအဖွဲ့သည် နိုင်ငံတစ်ဝန်းရှိ မြို့ကြီး၅၀မှ ဆေးရုံပေါင်း ၈၉ရုံရှိ နှလုံးရောဂါဝေဒနာရှင် ၂၁၀၀၀အား သုတေသနပြုလေ့လာခဲ့သည်ဟုဆိုသည်။ ဆေးလိပ်သောက်ခြင်းသည် နှလုံးရောဂါဖြစ်ပွားရခြင်း၏ အဓိကတရားခံဖြစ်လာကြောင်း ယင်းသုတေသနအဖွဲ့က ကောက်ချက်ချလေ့လာတင်ပြထားသည်။

(အင်တာနက်)

ကာဗွန်ဒိုင်အောက်ဆိုဒ်နှင့် မီသိန်းဓာတ်ငွေ့ ကမ္ဘာ့လေထုအတွင်း သိသာစွာတိုးလာ

ဝါရှင်တန် မေ ၂၆

ကမ္ဘာ့လေထုအတွင်း ၂၀၀၇ခုနှစ်၌ အဓိကဖန်လုံအိမ်အာနိသင်ရှိ ဓာတ်ငွေ့များဖြစ်သည့် ကာဗွန်ဒိုင်အောက်ဆိုဒ်နှင့် မီသိန်းဓာတ်ငွေ့မှာ သိသိသာသာ တိုးလာကြောင်း အမေရိကန်အစိုးရ၏ မေ ၂၄ ရက်က ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြသည်။

ရာသီဥတုပြောင်းလဲမှု

အမေရိကန်သမုဒ္ဒရာနှင့် လေထုဆိုင်ရာ ထိန်းချုပ်ရေးအဖွဲ့၏ နှစ်ပတ်လည်အစီရင်ခံစာအရ ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုကို ဖြစ်စေသော ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့သည် ပြီးခဲ့သည့်နှစ်က တန်ချိန် ၁၉ဘီလီယံအထိ ကမ္ဘာ့လေထုအတွင်း ရောက်ရှိလာသည်။

လေထုအတွင်းတိုးလာ

ထို့အတူ မီသိန်းဓာတ်ငွေ့မှာလည်း ဝဒသမ၅ရာခိုင်နှုန်းတိုးလာကာ တန်ချိန် ၂၇ သန်းအထိ လေထုအတွင်း တိုးလာကြောင်း ကော်လိုရာဒိုရှိ သုတေသနဓာတ်ခွဲခန်းမှ သိပ္ပံပညာရှင်များက ပြောကြားသည်။

မီသိန်းဓာတ်ငွေ့သည် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ထက် ကမ္ဘာ့လေထုကို ပို၍ ပူနွေးစေသည်ဟုဆိုသည်။

အမ်အင်န်အေ၊ရိုက်တာ

သီရိလင်္ကာနိုင်ငံမြို့တော် ကိုလံဘို၌ဗုံးပေါက်ကွဲ အနည်းဆုံး ၂၅ဦး သေဆုံး၊ ၄၀ ဒဏ်ရာရရှိ

ကိုလံဘို မေ ၂၆

သီရိလင်္ကာနိုင်ငံမြို့တော် ကိုလံဘို၌ မေ၂၅ရက်က ဘတ်စ်ကားတစ်စီးပေါ်တွင် ဗုံးပေါက်ကွဲခဲ့ရာ အနည်းဆုံး ၂၅ဦး သေဆုံးပြီး ၄၀ဒဏ်ရာရရှိသွားကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ယင်းဗုံးပေါက်ကွဲမှုသည် ကိုလံဘိုမြို့ ပီယမ်ဒါလာအရပ်၌ ဘတ်စ်ကားတစ်စီး ရုံးဆင်းချိန်တွင် မောင်းနှင်လာပြီး ဘတ်စ်ကားမှတ်တိုင်တစ်ခုသို့ အရောက် ဗုံးပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း တာဝန်ရှိသူများက ဆိုသည်။

ပြင်းထန်

ထိုဗုံးပေါက်ကွဲမှုကိုအစိုးရက တမီးလ်ကျားသူပုန်၏လက်ချက်ဟု အပြစ်ဆိုသည်။ သီရိလင်္ကာအစိုးရက တမီးလ်ကျားသူပုန်အဖွဲ့နှင့်အပစ်အခတ်ရပ်စဲရေးစာချုပ်ကိုဖျက်သိမ်းလိုက်ပြီးနောက် ဇန်နဝါရီလမှစပြီး ဗုံးခွဲတိုက်ခိုက်မှုများနှင့် တိုက်ပွဲများပြင်းထန်လာသည်။ သီရိလင်္ကာအစိုးရ တပ်များသည် ထိုနေ့အစောပိုင်းက နိုင်ငံ၏ အရေးကြီးဆုံးသော ရိမန်ကသလစ် ဘုရားကျောင်းကို ထိန်းချုပ်နိုင်ပြီဖြစ်ကြောင်းပြောကြားသည်။

(အင်တာနက်)

ဗုံးပေါက်ကွဲ

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကို မေ ၂၅ရက်က တွေ့ရစဉ်။
(အင်တာနက်ဓာတ်ပုံ)

ဂျာဗားကျွန်းအနီး၌ မီးတောင်ပေါက်ကွဲ

ဂျကာတာ မေ ၂၆

အင်ဒိုနီးရှားနိုင်ငံ လူနေထူထပ်သော ဂျာဗားကျွန်းအနီးဆန်တာစထရိတ်ရှိ ခရာကာတုမီးတောင် ပေါက်ကွဲမှု ဖြစ်ပွားခဲ့ရာ အနီရောင် ကျောက်တုံးကျောက်ခဲများ လွင့်ပျံထွက်နေသည်ကို တွေ့ရကြောင်း (အပေါ်ပုံ) မောနင်းတရင်းပို့စ်တွင် မေ ၂၄ရက်က ရေးသားဖော်ပြသည်။

ထိုမီးတောင်ပေါက်ကွဲမှုကြောင့် အနီးဝန်းကျင်ဒေသနေပြည်သူများအား သတိပေးတပ်လှန့်ထားရကြောင်း၊ ယင်းတောင်၏အနောက်ဘက်ဖျားရှိပြည်သူများအားအမြန်ဆုံးသတိပေးမှုပြုလုပ်ထားကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

နှလုံးကျန်းမာရေး

အဆိုပါမီးတောင်မှမီးခိုးများ အထက်သို့ မီတာ ၅၀၀ခန့် လွင့်တက်နေသည်ကို ဘာစတန်ပြည်နယ်အင်န်ယာကမ်းခြေမှ မြင်တွေ့နေရသည်ဟုဆိုသည်။

ထိုမီးတောင်မှ ပေါက်ကွဲသံကြီးများကိုလည်း အဝေးမှ မိုးခြိမ်းသံကဲ့သို့ကြားနေရသည်ဟု ဒေသခံများကပြောကြားသည်။ ၄င်းမီးတောင်သည် မေ ၂၁ ရက်မှ စပြီး တဖြည်းဖြည်းခြင်း ပေါက်ကွဲလျက်ရှိရာမှ မေ ၂၄ ရက်၌ ပြင်းထန်စွာပေါက်ကွဲခဲ့သည်ဟုဆိုသည်။

အမ်အင်န်အေ၊ဆင်ဟွာ

မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၏ တိုင်းကျိုး ပြည်ပြု လုပ်ငန်းများ

အေးဖြူ

ယနေ့ ကျွန်မတို့နိုင်ငံကို ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံကြီးဖြစ်အောင် နိုင်ငံတော်အစိုးရက အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်ပေးနေသည်ကို အားလုံးအသိဖြစ်ပါသည်။ ဖွံ့ဖြိုးရေးအတွက် အခြေခံကောင်းများကိုလည်း ပြည်နယ်/တိုင်း ဒေသအသီးသီးတွင် ဖန်တီးပေးနေသည်။ ပြည်နယ်နှင့် ပြည်မ၊ တောင်ပေါ်နှင့်မြေပြန့်၊ ကျေးလက်နှင့်မြို့ပြများတွင်လည်း ဖွံ့ဖြိုးမှု ကွာဟချက် မရှိရလေအောင် နယ်စပ်ဒေသ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များကို စီမံကိန်းများဖြင့် စနစ်တကျ အကောင်အထည်ဖော်ပေး လျက် ရှိပါသည်။ ဤသို့ နိုင်ငံတော်အစိုးရက နိုင်ငံဖွံ့ဖြိုး တိုးတက်ရေးအတွက် နည်းမျိုးစုံဖြင့် အားထည့် ဆောင်ရွက်နေချိန်တွင် အမျိုးသားအင်အားစု တစ်စုဖြစ်သည့် NGOs ခေါ် အစိုးရမဟုတ်သည့် လူမှုရေးအဖွဲ့အစည်းများ အနက်မှ တစ်ခုအပါအဝင်ဖြစ်သော မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းသည် နိုင်ငံဖွံ့ဖြိုးရေးနှင့် နိုင်ငံသားများ၏ဘဝ လူနေမှု တိုးတက်ရေးလုပ်ငန်းစဉ်များတွင် မိမိတို့ တတ်စွမ်းသမျှ တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ပေးလျက် ရှိပါသည်။

အသင်း၏မူလအစနှင့် ယုံကြည်ချက်စာတမ်း

မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းကို စေတနာ့ဝန်ထမ်းလူမှုရေးအဖွဲ့အစည်းတစ်ခုအဖြစ် ဥပဒေအမှတ်(၂၁/၉၀)ကိုထုတ်ပြန်၍ ၁၉၉၁ခုနှစ် ဧပြီ၃၀ရက်တွင် ဖွဲ့စည်းခဲ့ပါသည်။ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မိခင်နှင့်ကလေးများ၏ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေးစောင့်ရှောက်မှုများပေးခြင်းဖြင့် မိသားစုများ၏ဘဝအဆင့်အတန်း မြင့်မားလာစေရေးကို အထောက်အကူပြုရန် ဖြစ်သည်။

အသင်း၏ ယနေ့အနေအထား

အသင်း၏ဖွဲ့စည်းပုံအရ အလုပ်အမှုဆောင်အဖွဲ့ဝင် ၁၅ဦး အပါအဝင် ဗဟိုကောင်စီ၊ပြည်နယ်/တိုင်း၊ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့များ အဆင့်ဆင့်ဖြင့် အသင်း၏လုပ်ငန်းဆောင်ရွက်မှုများကို သွက်လက်မြန်ဆန်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရန် အားဖြည့်ကူညီကြီးကြပ်ပေးလျက်ရှိသည်။ နှစ်စဉ် နှစ်ပတ်လည်အစည်းအဝေးကို ပြုလုပ်ခဲ့သည်မှာ ယနေ့ဆိုလျှင် (၁၈)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး စတင်ကျင်းပနေပြီ ဖြစ်ပါသည်။ ၂၀၀၇ခုနှစ် ဒီဇင်ဘာလ ၃၁ရက်နေ့အထိ မြို့နယ်အသင်းပေါင်း ၃၂၅သင်း၊ အသင်းခွဲပေါင်း ၂၁၀၅၉သင်းနှင့် ကျား၊မ အသင်းဝင်အင်အား စုစုပေါင်း ၉၉၃၈၇၀၂ဦးဖြင့် တိုးတက်ဖွဲ့စည်းနိုင်ခဲ့ပြီ ဖြစ်သည်။

လုပ်ငန်းဆောင်ရွက်မှု ၄ရပ်

မိခင်နှင့်ကလေးများကို ဦးတည်လျက် ကျေးလက်ဒေသ ဝေးလံနေရာများအထိ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေး စောင့်ရှောက်မှု လုပ်ငန်းများ ရောက်ရှိနိုင်အောင် ဆောင်ရွက်ခြင်းဖြင့် မိသားစုများ၏ လူနေမှုဘဝကို မြင့်မားစေရေးအတွက် တစ်ဖက်တစ်လမ်းမှ ကြိုးပမ်းကူညီပေးလျက်ရှိသည်။

ကျန်းမာရေးဆိုင်ရာလုပ်ငန်းများ

ပြည်နယ်/တိုင်းအသီးသီးရှိ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များအနေဖြင့် ပြည်သူလူထုအခြေပြု ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် ပါဝင်ကူညီနေကြသည်။

ငှက်ဖျား၊ တီဘီ၊ အနာကြီး၊ သွေးလွန်တုပ်ကွေးစသည့် ကူးစက်ရောဂါ ကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းများတွင် အသိပညာပေးခြင်း၊ လူနာရှာဖွေဖော်ထုတ်ပေးခြင်း၊ သံသယရှိသောလူနာများအား စည်းရုံးကာ ကျန်းမာရေးဌာနများသို့ ဆက်သွယ်ညွှန်းပို့ပေးခြင်း၊ ဆေးကျွေးစီမံချက်များအတွက် စာရင်းဇယားကောက်ယူခြင်း၊ လူနာအား ဆေးတိုက်ကျွေးခြင်းများအပြင် လိုအပ်သော အရင်းအနှီးပံ့ပိုးကူညီခြင်းများကို အသင်းဝင်များက ကျန်းမာရေးဌာနနှင့် အခြားလူမှုရေးအဖွဲ့အစည်းဝင်များနှင့်အတူ ပူးပေါင်းဆောင်ရွက်သည်။

အမျိုးသားကာကွယ်ဆေးတိုက်သည့် လုပ်ငန်းများ၊ ပတ်ဝန်းကျင် ကျန်းမာရေးလုပ်ငန်းများ၊ အခြားရာသီအလိုက် ကူးစက်ဖြစ်ပွားတတ်သည့်ရောဂါများ၊ ဝမ်းပျက်ဝမ်းလျှော၊ သန်ကောင်၊ ကြက်ငှက်တုပ်ကွေးရောဂါ စသည်တို့နှင့် ပတ်သက်၍ အသိပညာပေးခြင်း၊ တစ်ကိုယ်ရည် ကျန်းမာသန့်ရှင်းရေး နည်းပညာများ သင်ကြားလေ့ကျင့်ပေးခြင်းနှင့်ကာကွယ်ခြင်းလုပ်ငန်းများ၌လည်း ကူညီဆောင်ရွက်ပေးပါသည်။

အိုင်အိုဒင်းဓာတ်ချို့တဲ့မှုကြောင့် ကလေးငယ်များ၌ ဉာဏ်ရည်မမီခြင်း၊ လူလတ်လူကြီးများ၌ လည်ပင်းကြီးရောဂါ ဖြစ်ပွားခြင်းတို့မှ ကာကွယ်ရန် ကျန်းမာရေး ပညာပေးခြင်း၊ အိုင်အိုဒင်းဆား အရည်အသွေးစစ်ဆေးခြင်း၊ အိုင်အိုဒင်းဆားများ ထောက်ပံ့ပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

အသင်းကြီး၏ မွန်မြတ်သော ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတစ်ခုမှာ ပြည်နယ်/တိုင်းအသီးသီးတွင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များက မိမိတို့ ဒေသအတွင်း နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲသူများကို ရှာဖွေဖော်ထုတ် စည်းရုံးကူညီ၍ ခွဲစိတ်ပြုပြင်မှုများ ခံယူနိုင်အောင် ကူညီပံ့ပိုး စီစဉ်ဆောင်ရွက်ပေးကြခြင်း ဖြစ်သည်။

ပြည်သူလူထုအတွင်း ကျန်းမာရေးဆိုင်ရာ သတင်းအချက်အလက်များ ကာကွယ်ခြင်း၊ ကုသခြင်းဆိုင်ရာ နည်းပညာများ မှန်ကန်စွာ ပျံ့နှံ့ရောက်ရှိစေရန်အတွက် ပြည်သူလူထုအား ပညာပေးခြင်းကို နည်းလမ်းအသွယ်သွယ်ဖြင့် ဆောင်ရွက်လျက်ရှိသည်။ ပြည်သူများ ကျန်းမာရေးအသိပညာများ တိုးပွားလာ၍ ကျန်းမာရေးနှင့်ညီညွတ်သော အလေ့အထ၊ အပြုအမူကောင်းများ ပြောင်းလဲဖြစ်ပေါ်လာစေနိုင်ရန် ရည်ရွယ်ပါသည်။

အသင်းပိုင်သားဖွားခန်း ၁၁၆ခန်း၌လည်း မိခင်သေနှုန်း၊ ကလေးသေနှုန်း ကျဆင်းစေရေး၌ ပါဝင်ကူညီလျက်ရှိသည်။ ဆေးရုံဆေးခန်းများနှင့် ဝေးသည့် ဒေသများ၌ ဒေသတွင်းမှ ကိုယ်ဝန်ဆောင်မိခင်များအတွက် ကိုယ်ဝန် စောင့်ရှောက်မှု လုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်ပေးလျက်ရှိသည်။ အသင်းပိုင်သားဖွားခန်းများတွင် တာဝန်ထမ်းဆောင်နိုင်ရန် ရည်ရွယ်၍ အသင်းဝင် စေတနာ့ဝန်ထမ်းများကို နှစ်စဉ် ကျန်းမာရေးဝန်ကြီးဌာန၏ သားဖွားဆရာမ ၁၈လ သင်တန်းသို့ တက်ရောက်ခွင့်ရစေရန် ညှိနှိုင်းစီစဉ်ပေးသည့်အပြင် ပြည်နယ်/တိုင်းအသီးသီး၌ ကြီးကြပ်အဖွဲ့များမှ ဦးစီးလျက် ဒေသခံ အရန်သားဖွား ဆရာမများကိုလည်း မွေးထုတ်ပေးလျက်ရှိသည်။ အခြေခံ ကျန်းမာရေး ဝန်ထမ်းများနှင့်အတူ လက်တွဲကူညီဆောင်ရွက်ရင်း၊ ကိုယ်ဝန်ဆောင်မိခင်များအတွက် လုံခြုံစိတ်ချ မိခင်ဘဝရရှိနိုင်ရေး ကူညီပေးနေပါသည်။

အန္တရာယ်ရှိသော ကိုယ်ဝန်ဆောင်များအတွက် ဆေးရုံ၊ ဆေးခန်းနှင့် နီးသော နေရာတွင် အချိန်မီရောက်ရှိနေပြီး မွေးဖွားချိန်ကိုစိတ်ချစွာစောင့်ဆိုင်းနေနိုင်စေရန် မိခင်ရင်သွေးကျန်းမာရေးရိပ်မြုံ (Maternity Waiting Home)များကို (UNFPA)ခေါ် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့နှင့် ပူးပေါင်း၍ ဗန်းမော်၊ ပင်းတယ၊ ပေါင်၊ ကလေးနှင့် ကန်ကြီးထောင့်မြို့နယ် ငါးနေရာ၌ ဖွင့်လှစ်နိုင်ခဲ့ပါသည်။

မိခင်မှကလေးသို့ HIVပိုး ကူးစက်မှုမှ ကာကွယ်တားဆီးခြင်းဆိုင်ရာ PMCT လုပ်ငန်းကို အသင်းပိုင်သားဖွားခန်း ငါးခုနှင့် ဗဟို PMCT ဌာန၌ ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ UNICEF ကူညီမှုဖြင့် လည်းကောင်း၊ အခြားမြို့နယ်များ၌ မိမိအသင်း ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် လည်းကောင်း ဆောင်ရွက်လျက်ရှိသည်။

အိမ်တိုင်ရာရောက် ပြုစုစောင့်ရှောက်ခြင်း အစီအစဉ်ဖြင့် နာတာရှည်ဝေဒနာရှင်များကို ကူညီစောင့်ရှောက်ပေးခြင်း လုပ်ငန်းများတွင်လည်း အခြားလူမှုရေး အဖွဲ့အစည်းဝင်များနှင့်အတူ လက်တွဲပါဝင်ဆောင်ရွက်လျက်ရှိသည်။

ရန်ကုန်ရှိအသင်း၏ ဘက်စုံ အဆောက်အအုံဝင်းအတွင်း ရောဂါရှာဖွေရေးဆေးခန်းကို ၁၉၉၉ခုနှစ်မှ စတင်ဖွင့်လှစ်ပြီး အမျိုးသမီးများတွင် အဖြစ်များသည့် သားအိမ်လည်တံကင်ဆာနှင့် ရင်သားကင်ဆာများကို စောစီးစွာ သိရှိကုသနိုင်ရေးအတွက် ဈေးနှုန်းသက်သာစွာ ဆောင်ရွက်ပေးလျက်ရှိသည်။ Pap Smear, Colposcopeဖြင့် အသားမျှင်စစ်ဆေးရန် ထုတ်ယူခြင်း၊ Mammogram ဖြင့် ရင်သားကင်ဆာ စမ်းသပ်ပေးခြင်း၊ လိုအပ်လျှင် ညွှန်းပို့ပေးခြင်း၊ အသိပညာဆွေးနွေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိပါသည်။ ၂၀၀၈ခုနှစ် ဇန်နဝါရီလတွင် ဓာတ်ခွဲခန်း စမ်းသပ်စစ်ဆေးခြင်း၊ အရိုးပွရောဂါ စမ်းသပ်စစ်ဆေးခြင်းနှင့် အထွေထွေဓာတ်မှန်ရိုက်စက်ကြီးတို့ကိုထားရှိလျက် ဆေးကုသမှုများကို အထောက်အကူပြုစေရန် တိုးချဲ့ဖွင့်လှစ်၍ ဝန်ဆောင်မှုပေးလျက်ရှိပါသည်။

အိမ်ရှင်မများအတွက် မိသားစုကျန်းမာရေးစောင့်ရှောက်မှု၌ အထောက်အကူပြုစေရန် တိုင်းရင်းဆေးသင်တန်းများကို နိုင်ငံအနှံ့ ပြည်နယ်/တိုင်းများ၌ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ပညာရေးဆိုင်ရာလုပ်ငန်းများ

ပညာရေးဝန်ကြီးဌာနမှ အကောင်အထည်ဖော်နေသည့် လူတိုင်းအတွက် ပညာရေး Education for All လုပ်ငန်းတွင် ပါဝင်ပူးပေါင်းကူညီလျက်ရှိသည်။ ကျောင်းနေအရွယ် ကလေးတိုင်း ကျောင်းနေနိုင်ရေး၊ မူလတန်းပညာ ပြီးမြောက်အောင် သင်ယူနိုင်ရေးများ၌ အသင်းဝင်များက လူအား၊ ငွေအားဖြင့် ကူညီပေးနေပါသည်။ မူကြိုအရွယ်ကလေးငယ်များကို ပြုစုပျိုးထောင်ပေးရန်နှင့် မိမိ သားငယ်သမီးငယ်များကို လုံခြုံစိတ်ချရပြီး တစ်သက်တာ အခြေခံကောင်းများ လေ့ကျင့်ပျိုးထောင်ပေးသည့် မူကြိုကျောင်းများ၌ ထားနိုင်ခဲ့သည်။ မိခင်များအနေနှင့် မိသားစုဝင်ငွေတိုး လုပ်ငန်းများ လုပ်နိုင်ရန် ရည်ရွယ်ပြီး နိုင်ငံအနှံ့ အသင်းပိုင်မူကြိုကျောင်းပေါင်း ၁၄၅၈ကျောင်း ဖွင့်လှစ်သင်ကြားပေးနေသည်။

စာမတတ်သူပပျောက်ရေးအတွက် 'အ' သုံးလုံး သင်တန်းများကို ဖွင့်လှစ်ပေးခြင်း၊ စာဖတ်ရှိန်မြင့်အောင် စာဖတ်ဝိုင်းများ စည်းရုံးဆောင်ရွက်ပေးခြင်းတို့အပြင် ကျောင်းချိန်တွင် စာသင်ခန်းတွင်းမရောက်နိုင်ဘဲ မိသားစုဝင်ငွေရှာဖွေပေးနေရသည့် ကျောင်းသားအရွယ် လူငယ်များအတွက် စေတနာညကျောင်းများကို အတန်းစဉ်အလိုက် သင်ကြားပေးနိုင်အောင် စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။ မြို့ရွာအချို့တွင်သာ ပြုလုပ်နိုင်သေး၍ လိုအပ်သည့်နေရာတိုင်း၌ ဆောင်ရွက်မှုပေးနိုင်အောင် ပိုမိုကြိုးစားသွားရမည် ဖြစ်ပါသည်။

စီးပွားရေးဆိုင်ရာလုပ်ငန်းများ

အသင်းကြီးအနေဖြင့် အမျိုးသမီးစွမ်းပကား မြင့်မားစေမှု (Women Empowerment) **အတွက်ရည်ရွယ်ကာ ဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ဒေသနှင့်လျော်ညီသော အသက်မွေးဝမ်းကျောင်း အတတ်ပညာ၊ စက်ချုပ်၊ ပန်းထိုး အချက်အပြုတ်သင်တန်း စသည်များကို ပြည်နယ်/တိုင်း အသီးသီး၌ ဖွင့်လှစ်သင်ကြားပေးနေသည်။ စက်ချုပ်သင်တန်း ပြီးဆုံးသွားလျှင် လိုသောအပ်ချုပ်စက်ကို အရစ်ကျစနစ်ဖြင့် ရောင်းပေးပါသည်။**

ဝင်ငွေတိုးလုပ်ငန်းလုပ်ရန် ဆန္ဒရှိပြီး ငွေရင်းမရှိသူများအတွက်လည်း အသေးစားချေးငွေများ ထုတ်ချေးခြင်းဖြင့် လုပ်ငန်းစနိုင်အောင် အကူအညီပေးသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးမှအစ အသေးစား အိမ်တွင်းလုပ်ငန်းလေးများအတွက်လည်း ချေးငွေကူညီခြင်းများကို ပြည်နယ်/တိုင်း အသီးသီး၌ ဆောင်ရွက်ပေးလျက်ရှိသည်။

လူမှုရေးဆိုင်ရာလုပ်ငန်းများ

လူမှုရေးဆိုင်ရာ လုပ်ငန်းများအနေဖြင့် ဆေးရုံ၊ ဘုန်းတော်ကြီးကျောင်း၊ ပရဟိတကျောင်းနှင့် အခြားလူမှုအဖွဲ့အစည်းများသို့ ငွေ၊ ဆေးနှင့်ဆေးပစ္စည်း၊ ကျောင်းသုံးစာရေးကိရိယာနှင့် အဝတ်အထည်များ ထောက်ပံ့လှူဒါန်းခြင်း၊ အိမ်တိုင်ရာရောက် သက်ကြီးရွယ်အိုစောင့်ရှောက်မှုလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်ခြင်းများကို ပြည်နယ်/တိုင်း အသီးသီး၌ ပြုလုပ်လျက်ရှိပါသည်။ သက်ကြီးရွယ်အိုများအား ကျန်းမာရေးစောင့်ရှောက်ခြင်း၊ ဆေးဝါးနှင့်ငွေကြေး ထောက်ပံ့ခြင်း၊ မျက်စိအတွင်းတိမ် ခွဲစိတ်ကုသပေးခြင်း၊ သွားကျန်းမာရေး စောင့်ရှောက်ခြင်း စသည့် ဆောင်ရွက်မှုများကို ပြည်နယ်/တိုင်း အားလုံးလိုလို၌ ပြုလုပ်ပေးလျက် ရှိပါသည်။

အချုပ်အားဖြင့်ဆိုရလျှင် မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဝင်များသည် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်များတွင် တစ်ထောင့်တစ်ကဏ္ဍမှ ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ပါဝင်ဆောင်ရွက်နေသူများဖြစ်သည်။ ဒေသခံအသင်းဝင်များ၏ စေတနာမေတ္တာတို့ဖြင့် အသင်း၏ လုပ်ဆောင်ချက်များ ပြည်သူလူထုကြား ရောက်ရှိနိုင်အောင် ထဲထဲဝင်ဝင် ကူညီပံ့ပိုး စည်းရုံးဆောင်ရွက်မှုများကြောင့် အသင်းကြီးအနေဖြင့် မိခင်နှင့်ကလေး အပါအဝင် မိသားစုများ၏ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေး စောင့်ရှောက်မှုများကို ပံ့ပိုးပေးနိုင်ခြင်းဖြစ်ပါသည်။

အသင်း၏ တိုင်းကျိုးပြည်ပြု လုပ်ငန်းများကို ဆက်လက်၍ ပိုမိုတိုးတက်ဆောင်ရွက်သွားပါစို့ဟု ဆန္ဒပြုအပ်ပါသည်။ အမျိုးသားစွမ်းအားစု တစ်ရပ်အဖြစ် ခိုင်ခိုင်မာမာ စည်းစည်းလုံးလုံးဖြင့် အသင်းကြီး၏ဂုဏ် ဝင့်ထည်အောင် ကြိုးဆောင်နိုင်ကြပါစေ။ ။

မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များသည် နိုင်ငံဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များတွင် တစ်ထောင့်တစ်ကဏ္ဍမှ ကိုယ့်နည်း ကိုယ့်ဟန်ဖြင့် ပါဝင်ဆောင်ရွက်နေသူများဖြစ်။

ကြည့်ရှုအားပေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး ရပ်စောက်မြို့နယ် ကျောက်ဂူကျေးရွာအုပ်စု၌ ရွှေသံလွင်ကုမ္ပဏီ လီမိတက်က ဆောင်ရွက်လျက်ရှိသည့် ကော်ဖီ၊ မက္ကဒေးမီးယား၊ သရက်နှင့် ခြံစည်းရိုးကြက်ဆူ စိုက်ပျိုးရေးလုပ်ငန်းများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

❐ **ကျောဖုံးမှ**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးနှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီးနှင့် တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ဧပြီ ၂၄ရက် နံနက် ၈နာရီခွဲတွင် ရပ်စောက်မြို့နယ် ကျောက်ဂူကျေးရွာအုပ်စု ကျောက်ဆုံကျေးရွာအနီး၌ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ကျောက်ဆုံ နှစ်ရှည်နှင့် ရာသီသီးနှံစိုက်ကွင်းသို့ ရောက်ရှိသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များအား စိုက်ကွင်းတာဝန်ခံ ဦးဇော်မင်းက ကျောက်ဆုံနှစ်ရှည်နှင့် ရာသီသီးနှံစိုက်ကွင်းတည်နေရာနှင့် အကျယ်အဝန်း၊ ဖော်ထုတ်ရန်လျာထားသည့် မြေဧက၈၀၀၀အနက် စိုက်ပျိုးမြေများ ဖော်ထုတ်ပြီးစီးမှု၊ နှစ်ရှည်သီးနှံနှင့် ရာသီသီးနှံများ စိုက်ပျိုးပြီးစီးမှု၊ ဝန်ထမ်းနှင့် လုပ်သားအင်အား၊ လျှပ်စစ်မီးနှင့်စိုက်ပျိုးရေရရှိမှု၊ စိုက်ကွင်းကို စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်၍ ဝင်ငွေတိုးတက်ရရှိအောင် ကြိုးပမ်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းက စိုက်ပျိုးရေးလုပ်ငန်းများအောင်မြင်ရေးနှင့် ကျွမ်းကျင်သည့် စိုက်ပျိုးရေးပညာရှင်များ၊ လုပ်သားများရရှိရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ဖြည့်စွက်တင်ပြသည်။

မေးမြန်းမှာကြား

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက လိုအပ်သည်များကို မေးမြန်းမှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် စိုက်ပျိုးဖြစ်ထွန်းနေသည့် စိန်တစ်လုံးသရက်၊ ရင်ကွဲသရက်ပင်များနှင့် နှစ်ရှည်ပင်များကို ကြည့်ရှုစစ်ဆေးကြပြီး သရက်နှင့်ထောပတ်ပင်ပျိုးခြံကိုလည်း ကြည့်ရှုကြသည်။

ယခုအခါ ဖော်ထုတ်ပြီးသောမြေနေရာများ၌ စိန်တစ်လုံးသရက်၊ ရင်ကွဲသရက်၊ တညင်းအပါအဝင် နှစ်ရှည်သီးနှံများ စိုက်ပျိုးလျက်ရှိသည်။

ရာသီသီးနှံ

ရာသီသီးနှံအနေဖြင့် အစေ့ထုတ်ပြောင်း၊ ပဲယင်း၊ ပဲကြီး၊ မြေပဲ၊ ပန်းနှမ်း၊ နေကြာတို့ကို စိုက်ပျိုးလျက်ရှိသည်။ ၂၀၁၁-၂၀၁၂ ခုနှစ်တွင် ဧက ၈၀၀၀ အပြည့်အဝ ဖော်ထုတ်ပြီး နှစ်ရှည်သီးနှံနှင့် ရာသီသီးနှံများ စိုက်ပျိုးသွားမည် ဖြစ်ကြောင်း သိရှိရသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် နံနက် ၁၀နာရီတွင် ရပ်စောက်မြို့နယ် ကျောက်ဂူကျေးရွာအုပ်စု၌ ရွှေသံလွင်ကုမ္ပဏီ လီမိတက်က ဆောင်ရွက်လျက်ရှိသည့် ကော်ဖီ၊မက္ကဒေးမီးယား၊ သရက်နှင့် ခြံစည်းရိုးကြက်ဆူစိုက်ပျိုးရေးလုပ်ငန်းများကို သွားရောက်ကြည့်ရှု အားပေးကြသည်။

ရှေးဦးစွာ ရှင်းလင်းဆောင်၌ ရွှေသံလွင်ကုမ္ပဏီလီမိတက် အထွေထွေမန်နေဂျာ ဦးမောင်အေးက၂၀၀၅ခုနှစ် ဧပြီလမှစတင်ကာ အကောင်အထည်ဖော်လျက်ရှိသည့် စိုက်ပျိုးရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

စိုက်ပျိုးထားမှုကြည့်ရှု

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် မက္ကဒေးမီးယားနှင့် သရက်စိုက်ပျိုးထားမှုများကို ကြည့်ရှုကြသည်။

ရွှေသံလွင်ကုမ္ပဏီ လီမိတက်အနေဖြင့် မြေဧက၈၀၀၀ကို ဖော်ထုတ်၍ နှစ်ရှည်သီးနှံ ကော်ဖီ၊ မက္ကဒေးမီးယား၊ သရက်၊ လိမ္မော်၊ ကြက်ဆူ၊ ရာသီသီးနှံ ပီလောပီနံနှင့် ကြံများကို စိုက်ပျိုးလျက်ရှိသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ထူးထရေးဒင်းကုမ္ပဏီလီမိတက်၏ ရပ်စောက်မြို့နယ် ဆီဆုံဂနိုင်ဒေသ နှစ်ရှည်သီးနှံစိုက်ပျိုးရေးလုပ်ငန်းသို့ ရောက်ရှိကြသည်။

စိုက်ပျိုးခြံသုံးခြံ

ရှေးဦးစွာ ရှင်းလင်းဆောင်၌ ထူးထရေးဒင်းကုမ္ပဏီလီမိတက်ဥက္ကဋ္ဌက ရှင်းလင်းတင်ပြရာ၌ မိမိတို့ကုမ္ပဏီအနေဖြင့် ဆီဆုံဂနိုင်ဒေသ၌ စိုက်ပျိုးခြံသုံးခြံ ခွဲခြား၍ နှစ်ရှည်သီးနှံများကို စိုက်ပျိုးဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

အားပေးမှာကြား

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက လိုအပ်သည်များကို အားပေးမှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် အဖွဲ့ဝင်များသည် ထူးထရေးဒင်းကုမ္ပဏီလီမိတက်က စိုက်ပျိုးထားသည့် နှစ်ရှည်သီးနှံ စိုက်ခင်းများကို လှည့်လည်ကြည့်ရှုကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ကမ္ဘော့ဇစိုက်ပျိုးရေးအဖွဲ့၏ လုပ်ကွက်သို့ သွားရောက်ကြည့်ရှုကြရာ ကမ္ဘော့ဇ စိုက်ပျိုးရေးအဖွဲ့မှ တာဝန်ရှိသူများက စိန်တစ်လုံးသရက်၊ ရင်ကွဲသရက်၊ ဒေသလိမ္မော်၊ ပျားလိမ္မော်တို့ စိုက်ပျိုးဖြစ်ထွန်းမှုများကို ရှင်းလင်းပြသကြသည်။

နှစ်ရှည်သီးနှံ

ကမ္ဘော့ဇ စိုက်ပျိုးရေးအဖွဲ့ အနေဖြင့် ကျောက်ဂူကျေးရွာအုပ်စုတွင် မြေလွတ် မြေလပ် မြေရိုင်းဧက၈၆၅၀၌ နှစ်ရှည် သီးနှံ၊ ရာသီ သီးနှံများကို စိုက်ပျိုးလျက်ရှိသည်။

ယခုအခါ ဖော်ထုတ်ပြီးသောမြေကွက်များ၌ သရက်၊ လိမ္မော်၊ ကော်ဖီ၊ လောင်ကန်၊ ဝက်သစ်ချ၊ ရော်ဘာ၊ ထောပတ်၊ တညင်း၊ ခြံစည်းရိုးကြက်ဆူနှင့် ကြံသီးနှံတို့ စိုက်ပျိုးထားကြောင်း သိရှိရသည်။

ဖော်ထုတ်စိုက်ပျိုး

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ဧပြီ၂၅ရက် နံနက် ၉နာရီခွဲတွင် ရပ်စောက်မြို့နယ် တပ်ဦးကျေးရွာအနီးရှိ မြေလွတ်မြေလပ် မြေရိုင်းဧက ၂၀၀အား ဖော်ထုတ်စိုက်ပျိုးလျက်ရှိသည့် ပွင့်ကောင်းနှင့် ခင်နွဲ့ရီကုမ္ပဏီလီမိတက်၏ စိုက်ပျိုးရေးလုပ်ငန်းများကို သွားရောက်ကြည့်ရှုအားပေးကြသည်။

ရှေးဦးစွာ ရှင်းလင်းဆောင်၌ ပွင့်ကောင်းနှင့် ခင်နွဲ့ရီကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူများက ၁၉၉၁ ခုနှစ်မှစတင်၍ ရပ်စောက်မြို့နယ်အတွင်း မြေလွတ်မြေလပ် မြေရိုင်းများ ဖော်ထုတ်၍ စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက ပျိုးပင်နှင့် မျိုးရရှိရေးဆောင်ရွက်မှု၊ ရော်ဘာစိုက်ခင်း၌ ရော်ဘာကို အရိပ်ရပင်အဖြစ် အသုံးပြုပြီး ကော်ဖီစိုက်ပျိုးထားရှိမှု အခြေအနေ၊ ကုန်ကျစရိတ်နှင့် ဝင်ငွေအချိုး အခြေအနေများကို မေးမြန်းမှာကြားသည်။

ဖြစ်ထွန်း အောင်မြင်

ရပ်စောက်မြို့နယ် တပ်ဦးကျေးရွာအနီးရှိ ပွင့်ကောင်းနှင့် ခင်နွဲ့ရီကုမ္ပဏီလီမိတက်၏ ရော်ဘာစိုက်ကွင်းများအတွင်း ရော်ဘာပင်ကို အရိပ်ရပင်အဖြစ် အသုံးပြု၍ ကော်ဖီပင်များ ဖြစ်ထွန်း အောင်မြင်နေသည်ကို တွေ့ရစဉ်။ (သတင်းစဉ်)

ထို့နောက် မော်တော်ယာဉ်များဖြင့် ကျောက်ဆုံနှစ်ရှည်နှင့် ရာသီသီးနှံစိုက်ကွင်းကို လှည့်လည်ကြည့်ရှုကြသည်။

စံနမူနာပြ

မဖွံ့ဖြိုးသေးသည့် ဒေသဖွံ့ဖြိုးတိုးတက်စေရန်၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးပွားလာစေပြီး ဒေသခံပြည်သူများ အသိအမြင် တိုးပွားလာစေရန်၊ ခေတ်မီစိုက်ပျိုး နည်းစနစ်များကို စံနမူနာပြ ဆောင်ရွက်ရန်ဟူသည့် ရည်ရွယ်ချက်များဖြင့် ကျောက်ဆုံ နှစ်ရှည်နှင့် ရာသီသီးနှံစိုက်ကွင်းကို ၂၀၀၅ ခုနှစ် မေလတွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။

စီမံကိန်းအရ မြေလွတ်မြေလပ်မြေရိုင်းဧက ၈၀၀၀ ဖော်ထုတ်စိုက်ပျိုးသွားမည်ဖြစ်သည်။

ခြံအမှတ်(၁)မှာ ဧက၂၄၅၀၊ ခြံအမှတ် (၂)မှာ ဧက၂၅၀၀၊ ခြံအမှတ်(၃)မှာ ဧက ၁၅၅၀ရှိပြီး စုစုပေါင်းဧက၆၅၀၀၌ စိုက်ပျိုးရေးလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

စိုက်ပျိုးလျက်ရှိသည့် သီးနှံများမှာ စိန်တစ်လုံးသရက်၊ လောင်ကန်၊ လိမ္မော်၊ မက္ကဒေးမီးယား၊ ကော်ဖီ၊ ခြံစည်းရိုး ကြက်ဆူ၊ ထောပတ်၊ တညင်း၊ ပိန္နဲနှင့် အခြားရာသီသီးနှံများဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကမ္ဘော့ဇစိုက်ပျိုးရေးအဖွဲ့ စီမံကိန်းညွှန်ကြားရေးမှူး ဦးခင်အောင်က ကျောက်ဂူကျေးရွာအုပ်စု၌ ကမ္ဘော့ဇအဖွဲ့အနေဖြင့် အကောင်အထည်ဖော်လျက်ရှိသည့် စိုက်ပျိုးရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ကုမ္ပဏီ၏ စိုက်ပျိုးရေးခြံများ၌ စိုက်ပျိုးထားသည့် paulownia သစ်နမူနာများ၊ ရော်ဘာနမူနာများနှင့် ကော်ဖီစေ့ နမူနာများကိုလည်းကောင်း၊ ရော်ဘာပင်၊ ကော်ဖီပင်၊ ဝက်သစ်ချပင်၊ သရက်ပင် စသည့် နှစ်ရှည်ပင်များ စိုက်ပျိုးထားမှုကိုလည်းကောင်း စိုက်ကွင်းအတွင်း လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များသည် ရော်ဘာစိုက်ကွင်းများအတွင်း ရော်ဘာပင်ကို အရိပ်ရပင်အဖြစ် အသုံးပြု၍ ကော်ဖီပင်များ စိုက်ပျိုးဖြစ်ထွန်းအောင်မြင်နေမှုများကို ကြည့်ရှုကြသည်။

● ဒီမိုကရေစီရရှိဖို့ မဲရုံသွား၍ မဲပေးစို့။

27-4 (08).pmd 1 4/27/2008, 1:13 AM

■ *ရှေ့ဖုံးမှ*

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ကလောတပ်နယ်နှင့် ဗထူးတပ်နယ်တို့မှ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ သင်တန်းဆင်းအရာရှိများနှင့် ၎င်းတို့၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် သင်တန်းဆင်းအရာရှိများအား တစ်ဦးချင်း ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် သင်တန်းဆင်းအရာရှိများ၊ မိဘဆွေမျိုးများနှင့်အတူ ညစာသုံးဆောင်ကြသည်။

ကြည့်ရှုစစ်ဆေး

သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲ အခမ်းအနား အပြီးတွင် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ကပွဲခန်းမ၌ မြဝတီတေးဂီတအဖွဲ့နှင့် မြဝတီအငြိမ့်အဖွဲ့တို့၏ ဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အစိုးရဌာနပိုင်မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၈ခုနှစ် ဧပြီလအတွက်

နောက်ဆုံးပတ်(တနင်္ဂနွေနေ့)

(၂၇-၄-၂၀၀၈) ရက်နေ့

၂၀၀၈ခုနှစ် မေလအတွက်

(၁၁-၅-၂၀၀၈)ရက်နေ့နှင့် (၂၅-၅-၂၀၀၈)ရက်နေ့

ပွင့်ကောင်းနှင့် ခင်နွဲ့ရီကုမ္ပဏီလီမိတက်အနေဖြင့် ရပ်စောက်မြို့နယ်အတွင်း တပ်ဦးခြံ၊ မြောင်းတော်ခြံ၊ ကျောက်ဆုံကုန်းခြံ ဟူ၍ ခြံသုံးခြံခွဲခြားကာ စုစုပေါင်း ၂၂၁၁ဧက၌ စိုက်ပျိုးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ယင်းခြံများ၌ ရော်ဘာ၊ ကော်ဖီ၊ သရက်၊ လီမွန်၊ နံ့စားပြောင်း၊ ပဲယင်းနှင့် ကြက်ဆူပင်များ စိုက်ပျိုးလျက်ရှိသည်။

စဉ်ဆက်မပြတ်အလေးထား

ရပ်စောက်မြို့နယ်ရှိ ပုဂ္ဂလိကစိုက်ပျိုးရေးလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက တာဝန်ရှိသူများအား မှာကြားရာ၌ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်သည့်အလျောက် အခြေခံကျသော စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် မိမိတို့ စဉ်ဆက်မပြတ် အလေးထားဆောင်ရွက်ခဲ့ကြောင်း။

တစ်ချိန်တည်းမှာပင် စိုက်ပျိုးရေးကဏ္ဍနှင့်အတူ အခြားစီးပွားရေးကဏ္ဍများလည်း ဖွံ့ဖြိုးတိုးတက်အောင် မျက်ခြည်မပြတ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း။

အထူးသဖြင့် စားနပ်ရိက္ခာဖူလုံပိုလျှံအောင် ပြည်နယ်၊ တိုင်း နယ်မြေဒေသအလိုက် အခြေခံစားသုံးသီးနှံဖြစ်သည့် ဆန်ဖူလုံအောင် မိမိတို့ အားပေးဆောင်ရွက်ခဲ့ကြောင်း။

ဖူလုံပိုလျှံ

နိုင်ငံတော်၏ လမ်းညွှန်အားပေးကူညီမှု၊ ဒေသတာဝန်ခံများ၏ ကြီးကြပ်ဖြည့်ဆည်းပေးမှု၊ တောင်သူလယ်သမားများ၏ ကြိုးပမ်းလုပ်ကိုင်မှု စသည့် အားထုတ်လုပ်ကိုင်မှုအစုစုကြောင့် မိမိတို့နိုင်ငံ၌ ဆန်စပါးဖူလုံရုံသာမက ပိုလျှံသည့်အဆင့်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း။

ဆန်စပါး တိုးချဲ့စိုက်ပျိုးထုတ်လုပ်သကဲ့သို့ ဆီထွက်သီးနှံများနှင့် ပဲအမျိုးမျိုးကိုလည်း ယခင်အချိန်များနှင့်မတူ တိုးချဲ့စိုက်ပျိုး ထုတ်လုပ်လျက်ရှိကြောင်း။

ခိုင်မာစွာထူထောင်

ခြုံ၍ဆိုရလျှင် မိမိတို့နိုင်ငံသည် အဓိကအရေးကြီးသော စားနပ်ရိက္ခာဖူလုံမှုအုတ်မြစ်ကြီးကို မှန်ကန်ခိုင်မာစွာ ထူထောင်ထားနိုင်ပြီဖြစ်ကြောင်း။

ပြည်တွင်းလက်ငင်းစားသုံးရန် စားနပ်ရိက္ခာသီးနှံများ ဖူလုံရုံသာမက ပိုလျှံပြီး နောင်သားစဉ်မြေးဆက်အထိ လုံလောက်စွာစားသုံးနိုင်ရေး၊ ပိုလျှံသည်များကို ပြည်ပသို့တင်ပို့ ရောင်းချနိုင်ရေးစသည့် နိုင်ငံတော်၏မှန်ကန်သောမူဝါဒကို ပုဂ္ဂလိကစိုက်ပျိုးရေးအဖွဲ့များက အတိုင်းအတာတစ်ရပ်အထိ ပါဝင်အထောက်အကူပြုနိုင်အောင် ကြိုးစားကြရန် လိုအပ်ကြောင်း။

တိုးချဲ့စိုက်ပျိုး

တောင်ယာစပါး၊ ပြောင်း၊ မြေပဲ စသည့် စားနပ်ရိက္ခာ ရာသီပင်များကို ဖြစ်ဖြစ်မြောက်မြောက် တိုးချဲ့စိုက်ပျိုးကြရန် ဖြစ်ကြောင်း။

အထူးသဖြင့် ဒေသ၏ရေမြေရာသီဥတုနှင့် ကိုက်ညီဖြစ်ထွန်းပြီး လက်ငင်းဝင်ငွေရရှိမည့် ရာသီသီးနှံများနှင့် ရေရှည်တွင်အကျိုးရှိမည့် နှစ်ရှည်ပင်များကို ဦးစားပေးစိုက်ပျိုးပြီး ထုတ်လုပ်မှု တိုးတက်အောင်မြင်ရေးအတွက် သီးနှံသုတေသနလုပ်ငန်းများကိုလည်း ပူးတွဲဆောင်ရွက်သွားကြရန် ဖြစ်ကြောင်းဖြင့် မှာကြားအားပေးခဲ့သည်။ **(သတင်းစဉ်)**

ပြည်သူတစ်ရပ်လုံးလိုလားတောင့်တနေသည့် ဒီမိုကရေစီနိုင်ငံပေါ်ပေါက်လာရေး နိုင်ငံတော်၏ရှေ့လုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်အဖြစ်ခံယူဆောင်ရွက်

နေပြည်တော် ဧပြီ ၂၆

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဧပြီ ၂၀ရက်မှ ၂၅ရက်အထိ မကွေးတိုင်း ဂန့်ဂေါခရိုင် ဆော၊ ထီးလင်းနှင့် ဂန့်ဂေါမြို့နယ်များရှိ ကျေးရွာများသို့ သွားရောက်၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။



တက်ရောက်

ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဧပြီ ၂၀ ရက် မွန်းလွဲ၁၂နာရီခွဲတွင် ဆောမြို့နယ် လောင်းရှည်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းရှေ့ရှိ ယာယီမဏ္ဍပ်၌ကျင်းပသော ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်သည်။

ယင်းတွေ့ဆုံပွဲသို့ လောင်းရှည်၊ တင့်တူ၊ အင်ဘူး၊ ပိန်းချောင်း၊ ကျွန်းတော၊ ကြိမ်ကြီး၊ ယန်း၊ ဆီမီး၊ တောင်ငကွက်၊ ညောင်ပင်၊ မကျည်းစု၊ ပေါက်ပန်ဆိုင်း၊ ၄က်ပြာကျင်း၊ ပုပ္ပကိုင်း၊ ကာက၊ လေယ်ခုံ၊ လယ်ဖြူ စသည့်ကျေးရွာ ၁၇ရွာတို့မှ ဒေသခံပြည်သူ ၂၄၀၀ခန့် တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

တွေ့ဆုံပွဲ၌ တက်ရောက်လာကြသော ဒေသခံပြည်သူများကိုယ်စား တာဝန်ရှိသူများက ဒေသဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

လှူဒါန်း

အဆိုပါ တင်ပြချက်များအပေါ် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကား ပြောကြားသည်။ ယင်းနောက် ပညာရေးဆိုင်ရာလုပ်ငန်းများအတွက် အလှူငွေအဖြစ် ပုပ္ပကိုင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းဆောင်အတွက် ငွေကျပ်နှစ်သိန်း၊ မကျည်းစုကျေးရွာ အခြေခံပညာမူလတန်း ကျောင်းဆောင်အတွက်ငွေကျပ်နှစ်သိန်း၊ လောင်းရှည်ကျေးရွာ ရေအားလျှပ်စစ်အတွက် ငွေကျပ်ငါးသိန်း စုစုပေါင်း ငွေကျပ်ကိုးသိန်းကိုလည်းကောင်း၊ ဒေသခံပြည်သူများအတွက် အိမ်သုံး၊ လူသုံးကုန်ပစ္စည်းများကို လည်းကောင်း၊ ကျောင်းသားကျောင်းသူများအတွက် ကျောင်းသုံး ဗလာစာအုပ်များနှင့် ကျေးရွာ စာကြည့်တိုက် အတွက် စာအုပ်စာစောင်များကိုလည်းကောင်း ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံကြသည်။

ထိုမှတစ်ဆင့် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ညနေ ၃နာရီတွင် ဆောမြို့နယ် လော်ကားကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းခွဲရှေ့ရှိ ယာယီမဏ္ဍပ်၌ ပြုလုပ်သော တွေ့ဆုံပွဲသို့ တက်ရောက်သည်။

ယင်းတွေ့ဆုံပွဲသို့ လော်ကား၊ တောင်ပို့ကြီး၊ ယင်းကဲ၊ ရင့်ရဲချောင်း၊ ဆွဲလွဲကျင်း စသည့် ကျေးရွာငါးရွာတို့မှ ဒေသခံပြည်သူ ၂၀၀၀ကျော်တို့ တက်ရောက်ကြသည်။

ဖြည့်ဆည်းဆောင်ရွက်

တွေ့ဆုံပွဲတွင် ဒေသခံပြည်သူများ ကိုယ်စား တာဝန်ရှိသူများက ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း၍ ဒေသဖွံ့ဖြိုးရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး အမှာစကားပြောကြားသည်။

ထို့နောက် ဗဟိုအတွင်းရေးမှူးက လော်ကားကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းခွဲ အဆောက်အအုံအတွက် ငွေကျပ် နှစ်သိန်း၊ ကျေးရွာစာကြည့်တိုက် အတွက် ရုပ်မြင်သံကြားဖမ်းစက် တစ်လုံးနှင့် စာအုပ်စာစောင်များကိုလည်းကောင်း၊ ရင်းကဲကျေးရွာ တွဲဖက်အခြေခံပညာ အထက်တန်းကျောင်းဆောင်သစ် အတွက် ငွေကျပ်နှစ်သိန်းနှင့် Multi Media Classroom အတွက် ကွန်ပျူတာတစ်စုံတို့ကိုလည်းကောင်း၊ ကျေးရွာ များမှ ကျောင်းသားကျောင်းသူများအတွက် ဗလာစာအုပ်များကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံကြသည်။

ယင်းနောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီးက တွေ့ဆုံပွဲသို့ တက်ရောက်လာကြသော ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

အမျိုးသားရေးတာဝန်

တွေ့ဆုံပွဲ အခမ်းအနားများ၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဗဟိုအတွင်းရေးမှူးပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကား ပြောကြားရာတွင် ပြည်သူများအနေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်မှုကြောင့် ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှုများကို သိသိသာသာ တွေ့ရှိရကြောင်း၊ ဒေသတစ်ခု၊နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြရာတွင် နိုင်ငံတော်၏အား၊ ပြည်သူလူထုအားနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အပါအဝင် လူမှုရေး အသင်းအဖွဲ့တို့၏အား စသည့် အားသုံးအား တက်ညီလက်ညီ ဆောင်ရွက်ရကြောင်း၊ ယခုအခါ ကျေးလက်ဒေသများ အပါအဝင် နိုင်ငံတစ်ဝန်း ပညာရေး၊ လူမှုရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးရေး စသည့်ကဏ္ဍများတွင် မည်သည့်ခေတ်ကာလနှင့်မတူအောင် ဖွံ့ဖြိုးတိုးတက်နေပြီး ဖွံ့ဖြိုးတိုးတက်မှု၏ အသီးအပွင့်များကို ပြည်သူများ လက်တွေ့ခံစားနေကြရပြီဖြစ်ကြောင်း၊ ဤကဲ့သို့ ဖွံ့ဖြိုးတိုးတက်မှု၊ အောင်မြင်မှုများသည် နိုင်ငံတော် အစိုးရနှင့် အတူ ပြည်သူလူထုနှင့် လူမှုရေး အသင်းအဖွဲ့များ၏ တာဝန်သိသိ ပူးပေါင်းဆောင်ရွက်မှု၏ ရလဒ်များဖြစ်သည်ဟူသော အချက်မှာ ငြင်းမရသည့် အမှန်တရားဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ကို အေးချမ်းတည်ငြိမ်ပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်အဖြစ် တစိုက်မတ်မတ် ဖော်ဆောင်လျက်ရှိရာ လက်ရှိ တည်ငြိမ် အေးချမ်းမှုများ မပျက်ပြားစေရေး၊ ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်မပျက် ဆက်လက်ဖြစ်ထွန်းရေး၊ ပြည်သူတစ်ရပ်လုံးက လိုလားတောင့်တနေသည့် ဒီမိုကရေစီနိုင်ငံ ပေါ်ပေါက်လာစေရေးအတွက် အကောင်အထည်ဖော်ကြရမည့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ် များတွင် ပြည်သူတစ်ရပ်လုံးက တစ်ခဲနက် ပူးပေါင်းပါဝင် ဆောင်ရွက်ကြရန် လိုအပ်ကြောင်းနှင့် ဤသည်မှာ တစ်နိုင်ငံလုံး ပြည်သူလူထု တစ်ရပ်လုံးနှင့် သက်ဆိုင်သည့် အမျိုးသားရေး တာဝန်အဖြစ် ခံယူဆောင်ရွက်ကြရန် တိုက်တွန်း မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

တွေ့ဆုံ

ဗဟိုအတွင်းရေးမှူး ဝန်ကြီးသည် ညပိုင်းတွင် ဆောမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်း၌ ဆောမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များ၊ ရပ်ကွက်၊ ကျေးရွာတို့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ တက်ရောက်လာသူများက ဒေသဖွံ့ဖြိုးရေး လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားသည်။ ယင်းနောက်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ပံ့ပိုးငွေများကို ပေးအပ်ရာ မြို့နယ်အသင်း အတွင်းရေးမှူး ဦးငွေးမောင်က လက်ခံသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ဆောမြို့နယ် လောင်းရှည်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းရှေ့ ယာယီမဏ္ဍပ်တွင် ကျေးရွာ ၁၇ရွာမှ ဒေသခံပြည်သူများအား အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ဆောမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ဆောမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များ၊ ရပ်ကွက်၊ ကျေးရွာတို့မှ တာဝန်ရှိသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

အပူချိန်လျော့

ချောက်	-	၁၀၅ ဒီဂရီ ဖာရင်ဟိုက်
မင်းဘူး	-	၁၀၅ ဒီဂရီ ဖာရင်ဟိုက်
မကွေး	-	၁၀၅ ဒီဂရီ ဖာရင်ဟိုက်
နေပြည်တော်	-	၁၀၄ ဒီဂရီ ဖာရင်ဟိုက်
မြင်းခြံ	-	၁၀၄ ဒီဂရီ ဖာရင်ဟိုက်
အောင်လံ	-	၁၀၄ ဒီဂရီ ဖာရင်ဟိုက်
ရန်ကုန်	-	၉၅ ဒီဂရီ ဖာရင်ဟိုက်

● ဒီမိုကရေစီ ထွန်းကားရေး
အခြေခံဥပဒေ အတည်ပြုပေး

တိုင်းရင်းသားအားလုံး ခွင့်တူညီမျှခံစားရမည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်

ကေတုနီလာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း(၂၀၀၈)သည် တစ်နိုင်ငံလုံး၊ တစ်မျိုးသားလုံးကို ကိုယ်စားပြုထားသည့် တိုင်းပြုပြည်ပြု လွှတ်တော်ကြီး သဖွယ် တိုင်းရင်းသားပေါင်းစုံ၊ ပါတီပေါင်းစုံ၊ ရွေးချယ်ခံကိုယ်စားလှယ်ပေါင်းစုံ၊ လူထု လူတန်းစားအလွှာပေါင်းစုံတို့မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့သည့် အမျိုးသားညီလာခံ ကြီးတွင် ချမှတ်ခဲ့သော အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများကို အခြေခံပြီး ရေးဆွဲထားခြင်းဖြစ်။

ဒို့တာဝန်အရေးသုံးပါးဟူသော အမျိုးသားရေးမူဝါဒနှင့်အတူ တိုင်းရင်းသားပြည်သူ တစ်ရပ်လုံး၏ ဒီမိုကရေစီပိုင်ခွင့်ကို ဆူကြံ့နိမ့်မြင့်မရွေး၊ ခွင့်တူညီမျှခံစားခွင့်များ အခိုင် အမာ ကျယ်ကျယ်ပြန့်ပြန့် ပေးထားပြီးဖြစ်ရာ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးအနေဖြင့် လာမည့် ၂၀၀၈ ခုနှစ် မေလ ၁၀ရက်နေ့တွင် ကျင်းပမည့်ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကြီးတွင် တစ်ခဲနက် ထောက်ခံဆန္ဒမဲပေးကြ။

ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း(၂၀၀၈)သည် နိုင်ငံတော်၏ ပကတိဖြစ်တည်နေသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအစဉ်အလာ ရိုးရာဓလေ့များနှင့် သဟဇာတကျစွာပေါင်းစည်းညီညွတ်မှုရှိသကဲ့သို့ နိုင်ငံတော်၏ ဖြတ်သန်းလာခဲ့သော သမိုင်းရေးဖြစ်ပေါ်မှုများအပေါ် အခြေခံ၍လည်း ရေးဆွဲထားခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် ချုပ်ငြိမ်းခဲ့ပြီးဖြစ်သော ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနှင့် ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတို့၏ အားနည်းချက်၊ အားသာချက်များကို လေ့လာနှိုင်းယှဉ်၊ ဆင်ခြင်သုံးသပ်ပြီး ရေးဆွဲထားခြင်းဖြစ်သည်။

စင်စစ်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း (၂၀၀၈)သည် တစ်နိုင်ငံလုံး၊ တစ်မျိုးသားလုံးကို ကိုယ်စားပြုထားသည့် တိုင်းပြုပြည်ပြု လွှတ်တော်ကြီးသဖွယ် တိုင်းရင်းသားပေါင်းစုံ၊ ပါတီပေါင်းစုံ၊ ရွေးချယ်ခံ ကိုယ်စားလှယ်ပေါင်းစုံ၊ လူထုလူတန်းစားအလွှာပေါင်းစုံတို့မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့သည့် အမျိုးသားညီလာခံကြီးတွင် ချမှတ်ခဲ့သော အခြေခံမူများနှင့် အသေးစိတ် အခြေခံရမည့်မူများကို အခြေခံပြီး ရေးဆွဲထားခြင်းဖြစ်ရာ ယင်းဖွဲ့စည်းပုံ အခြေခံ ဥပဒေမူကြမ်းအား ကန့်ကွက်ရန် စည်းရုံးလှုံ့ဆော်ပုတ်ခတ်နေသူများသည် ပြည်သူတစ်ရပ်လုံးနှင့် တစ်နိုင်ငံလုံးကို ဆန့်ကျင်နေကြသူများပင်ဖြစ်သည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း(၂၀၀၈) ၏ အနှစ်သာရတရားများသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော နိုင်ငံတော်၏အမျိုးသားရေးမူဝါဒကို မဏ္ဍိုင်ပြု ရေးဆွဲထားခြင်းဖြစ်သည်။

ပြည်ထောင်စုမပြိုကွဲရေးအတွက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း(၂၀၀၈) ဥပဒေပြဋ္ဌာန်းချက် အပိုဒ်(၈)တွင် နိုင်ငံတော်ကို ပြည်ထောင်စုစနစ်ဖြင့် ဖွဲ့စည်းတည်ဆောက်သည်ဟူ၍လည်းကောင်း၊ ဥပဒေပြဋ္ဌာန်းချက် အပိုဒ်(၁၀)တွင် နိုင်ငံတော်တွင် ပါဝင်သည့် တိုင်းဒေသကြီးများ၊ ပြည်နယ်များ၊ ပြည်ထောင်စုနယ်မြေများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများစသည့် နိုင်ငံတော်၏ နယ်မြေအပိုင်းအခြားဟူသမျှသည် နိုင်ငံတော်မှ မည်သည့်အခါမျှ ခွဲမထွက်ရဟူ၍လည်းကောင်း ဖော်ပြပါရှိထားပြီးဖြစ်သည်။

ထို့အတူ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲစေရေးအတွက် မူလရှိပြီး တိုင်းဒေသကြီး(၇)တိုင်းနှင့် ပြည်နယ်(၇)ပြည်နယ်အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း(၂၀၀၈) ဥပဒေပြဋ္ဌာန်းချက်အပိုဒ်(၅၆)တွင် နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ကိုးကန့်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသဟူ၍ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ(၅)ခုနှင့်"ဝ"ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်းတစ်ခုတို့ကို ဖွဲ့စည်းသတ်မှတ်ဖော်ပြပြီးဖြစ်သည်။ ဤသို့အားဖြင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများကို တိုးချဲ့ဖွဲ့စည်းသတ်မှတ်ခြင်းသည် တိုင်းဒေသကြီးနှင့် ပြည်နယ်မရရှိသေးသော တိုင်းရင်းသားများအား ဒီမိုကရေစီပိုင်ခွင့်ကို ပိုမိုရရှိစေရန်ပင် ဖြစ်သည်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း(၂၀၀၈) ဥပဒေပြဋ္ဌာန်းချက် အပိုဒ်(၅၆)သည် အနာဂတ်နိုင်ငံတော်တည်ဆောက်မှုပုံသဏ္ဌာန်အရ တိုင်းရင်းသားများ၏ ဒီမိုကရေစီပိုင်ခွင့်အား ပိုမိုကျယ်ပြန့်လာစေသကဲ့သို့ အနှစ်သာရအရလည်း တိုင်းရင်းသားများ၏ ဒီမိုကရေစီ ပိုင်ခွင့်သည် ပိုမိုနက်ရှိုင်းပီပြင်လာသည်။

ယင်းအပြင် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း(၂၀၀၈)ပါ ဥပဒေပြဋ္ဌာန်းချက်များအရ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်ဟူ၍ လွှတ်တော်သုံးရပ်ဖွဲ့စည်းထားရာ ယင်းလွှတ်တော်သုံးရပ်အနက် အမျိုးသားလွှတ်တော်သို့ တိုင်းဒေသကြီးနှင့် ပြည်နယ်တစ်ခုလျှင် ကိုယ်စားလှယ် ၁၂ ဦးစီ ရွေးချယ်စေလွှတ်ရမည် ဖြစ်သည်။ ယင်းသို့ ရွေးချယ်စေလွှတ်ရာတွင် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အတွင်းရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသတစ်ခုလျှင် ကိုယ်စားလှယ် တစ်ဦးနှုန်းဖြင့် ခွဲဝေပေးရမည်ဖြစ်သည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ ဒေသများသည် အမျိုးသားလွှတ်တော်တွင်လည်း ကိုယ်စားပြုပါဝင်ခွင့် ရရှိမည်ဖြစ်သည်။ အကယ်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အတွင်းရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုရရှိပြီးသော တိုင်းရင်းသား လူမျိုးများမှအပ ကျန်တိုင်းရင်းသား လူမျိုးများအနက် လျော်ကန်သင့်မြတ်သော လူဦးရေဖြစ်သည့် နိုင်ငံတော်ရှိ လူဦးရေ စုစုပေါင်း၏ ၀ ဒသမ ၁ ရာခိုင်နှုန်း ထက်များပါက တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်တွင် ယင်းတိုင်းရင်းသားလူမျိုးစု၏ လွှတ်တော် ကိုယ်စားလှယ် တစ်ဦးစီ ထည့်သွင်းဖွဲ့စည်းခွင့် ရရှိမည်ဖြစ်သည်။ ယင်းတိုင်းရင်းသား ကိုယ်စားလှယ်သည် ပြည်နယ်၊ တိုင်းအစိုးရအဖွဲ့တွင် သက်ဆိုင်ရာ ပြည်နယ်၊ တိုင်းကို ကိုယ်စားပြုသည့် ဝန်ကြီးအဖြစ် ခန့်အပ်ခံရမည်ဖြစ်ရာ ဥပဒေပြုခွင့်၊ အုပ်ချုပ်ခွင့်တို့ကို ဆောင်ရွက်ပိုင်ခွင့် ရှိမည်ဖြစ်သည်။ ဤသည်မှာ တိုင်းရင်းသားလူမျိုးစုငယ်များအတွက် မည်သည့်ခေတ်ကာလကမျှ မရရှိသေးသည့် ဒီမိုကရေစီပိုင်ခွင့်များ ဖြစ်သည်။

ထို့အတူပင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသအတွင်းရှိ မြို့နယ်များမှ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်လွှတ်တော်များသို့ ရွေးချယ်တင်မြှောက်ထားသော ကိုယ်စားလှယ်များသည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသဦးစီးအဖွဲ့ဝင်များ အလိုအလျောက် ဖြစ်လာကြမည်ဖြစ်သည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသဦးစီးအဖွဲ့ဝင်များသည် မိမိဒေသတွင် ဥပဒေပြုခွင့်၊ အုပ်ချုပ်ခွင့်များရရှိသကဲ့သို့ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များတွင်လည်း ပါဝင်ပြီး ဥပဒေပြုခွင့်ရရှိမည်ဖြစ်သည်။ ယင်းနှင့်အတူ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသကြီးအတွင်းရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသမရရှိသေးသော လူဦးရေတစ်သောင်းကျော်ရှိသည့် တိုင်းရင်းသားများသည် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်း၊ ဒေသဦးစီးအဖွဲ့တွင် ကိုယ်စားလှယ်တစ်နေရာရရှိပြီး ဥပဒေပြုခွင့်၊ အုပ်ချုပ်ခွင့် အာဏာများရရှိမည်ဖြစ်သည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသအတွင်းရှိ တိုင်းရင်းသားများကို ကိုယ်စားပြုနိုင်ရန် ဦးစီးအဖွဲ့ဝင် အရေအတွက်မှာ အနည်းဆုံး ၁၀ ဦးဖွဲ့စည်းရမည်ဟု သတ်မှတ်ထားသော်လည်း အများဆုံးပါဝင်ရမည့် အရေအတွက်ကို ကန့်သတ်ထားခြင်းမရှိပေ။ အများဆုံးပါဝင်ရမည့် အရေအတွက်ကို သတ်မှတ်ထားခြင်းမရှိသည်မှာ လိုအပ်ပါက ဦးစီးအဖွဲ့ဝင် အရေအတွက်ကို လိုအပ်သလို တိုးချဲ့ဖွဲ့စည်းနိုင်ရန်ဖြစ်သည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌသည် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့တွင် ဝန်ကြီးအဖြစ် ပါဝင်ပြီး အုပ်ချုပ်ရေးဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်ပိုင်ခွင့်ရှိမည်ဖြစ်သည်။

အလားတူ **နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း(၂၀၀၈) ဥပဒေပြဋ္ဌာန်းချက်အပိုဒ်(၄၂) အပိုဒ်ခွဲ(ခ)တွင် နိုင်ငံတော်အတွင်း မည်သည့်နိုင်ငံခြား တပ်ဖွဲ့ကိုမျှ တပ်ချခွင့် မပြုဟူ၍ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို တည်တံ့ခိုင်မြဲစေရန် ကာကွယ်စောင့်ရှောက်ထားသည်။**

ယနေ့ကာလတွင် ရေးဆွဲခဲ့ပြီးဖြစ်သော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း(၂၀၀၈)သည် ဒို့တာဝန် အရေးသုံးပါးဟူသော အမျိုးသားရေး မူဝါဒနှင့်အတူ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ ဒီမိုကရေစီပိုင်ခွင့်ကို ဆူကြံ့နိမ့်မြင့်မရွေး၊ ခွင့်တူညီမျှ ခံစားခွင့်များ အခိုင်အမာ ကျယ်ကျယ်ပြန့်ပြန့် ပေးထားပြီးဖြစ်ရာ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးအနေဖြင့်လာမည့် ၂၀၀၈ ခုနှစ် မေလ ၁၀ရက်နေ့တွင် ကျင်းပမည့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကြီးတွင် တစ်ခဲနက်ထောက်ခံဆန္ဒ မဲပေးကြခြင်းဖြင့် အနာဂတ် ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီးကို အခိုင်အမာ တည်ဆောက်နိုင်ကြမည်ဟု အလေးအနက်ယုံကြည်ကြောင်း တင်ပြလိုက်ရပါသည်။ ။

● နိုင်ငံသစ်ဆီ ဒို့ဦးတည် အခြေခံဥပဒေ အတည်ပြုမည်။

ဦးသန်းဝင်း အားရည်စူး၍ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် မြင်သာ (၁၄/၁၃)ရပ်ကွက် သံသုမာလမ်း အမှတ် ၁၉၈နေ ဒေါ်ကြည်အောင်နှင့် သားသမီး၊ မြေးတစ်စုတို့က ဒဂုံမြို့နယ် အမှတ် ၁၂ စကားဝါလမ်း မင်းကွန်း တိပိဋကဆရာတော်ကြီး၏ တိပိဋက ရွှေရတု ငွေရတု ကျောင်းတော်ကြီးအတွက် အလှူတော်ငွေကျပ် တစ်သိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တနန္ဒကထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး(ဘဏ္ဍာ) ဦးသိန်းကျော်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ပထမအကြိမ် ဝန်ထမ်းသီးသန့် တရားစခန်းနှင့် စုပေါင်းဒုလ္လဘ ရဟန်းခံပွဲကျင်းပ

နေပြည်တော် ဧပြီ ၂၆

နေပြည်တော်ရှိ ဝန်ကြီးဌာနအသီးသီးမှ အရာထမ်း အမှုထမ်းများ၏ နေပြည်တော်ပျဉ်းမနား ပန်းခင်းကွက်သစ် ပင်မလမ်း ဘုရားကြီးတောရကျောင်း ရွှေပြည်အေး မဟာစည် ရိပ်သာတွင် စုပေါင်း၍ ဒုလ္လဘရဟန်းခံပွဲကို ဧပြီ ၁၁ရက် ညနေ ၄ နာရီက အဆိုပါရိပ်သာ၌ ကျင်းပသည်။

သိမ်ဆင်းလောင်းလှူ

စုပေါင်းရဟန်းခံပွဲသို့ ဘုရားကြီးတောရကျောင်း ရွှေပြည်အေးမဟာစည် ရိပ်သာဆရာတော် ဦးဓမ္မပါလ အမှူးရှိသော ကာရက သံဃာကိုးပါးနှင့် ဒုလ္လဘသံဃာ ၂၆ပါးတို့အား စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးခင်မောင်လေး-ဒေါ်သန်းသန်းအေး အမှူးပြုသော အရာထမ်းအမှုထမ်းမိသားစုများ တက်ရောက်၍ သိမ်ဆင်းလောင်းလှူကြသည်။ (အပေါ်ပုံ)

အဆိုပါ တရားစခန်းပွဲတွင် ဒုလ္လဘရဟန်းယောဂီ ၂၆ပါး၊ သာမဏေနှစ်ပါး၊ သီလရှင်ခုနစ်ပါး၊ အမျိုးသမီးယောဂီ ၂၈ဦး စုစုပေါင်း ၆၃ ပါး တရားအားထုတ်ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးဇော်မင်း ရေနံချောင်းမြို့နယ်၌ ကျေးရွာလူထုနှင့် တွေ့ဆုံ

နေပြည်တော် ဧပြီ ၂၆

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးဇော်မင်းသည် ဧပြီ ၂၁ရက်က မကွေးတိုင်း မကွေးခရိုင် ရေနံချောင်းမြို့နယ်ရှိ ကံကြီးကျေးရွာ တွဲဖက်အလယ်တန်းကျောင်း၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များ၊ အသင်းဝင်များ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ ကံကြီးကျေးရွာအုပ်စုခြောက်စုမှ ရပ်မိရပ်ဖများ၊ ကျေးရွာလူထုအပါအဝင် စုစုပေါင်းအင်အား ၆၀၀ခန့်နှင့်တွေ့ဆုံ၍ ကျေးရွာများ၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ အသေးစိတ်ဆွေးနွေးပြောကြားသည်။

ဖြည့်ဆည်းဆောင်ရွက်

ထိုမှတစ်ဆင့် တွဲဖက် အထွေထွေအတွင်းရေးမှူးသည် ရေနံချောင်းမြို့နယ် ပင်းဝကျေးရွာ ဘုရားကုန်းအလယ်တန်းကျောင်းခွဲ၌ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များ၊ အသင်းဝင်များ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ ဘုရားကုန်းကျေးရွာအုပ်စုရှိ ကျေးရွာရှစ်ရွာမှရပ်မိရပ်ဖများ၊ ကျေးရွာသူ ကျေးရွာသားများ စုစုပေါင်းအင်အား ၈၀၀ခန့်နှင့်လည်းကောင်း၊ ရေနံချောင်းမြို့နယ် ကမကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်း အမှတ်(၃၉)၌ မြို့နယ်မှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များ၊ အသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကမကျေးရွာအုပ်စုရှိ ကျေးရွာ လေးရွာမှ ရပ်မိရပ်ဖများ၊ ကျေးရွာသူကျေးရွာသားများ စုစုပေါင်းအင်အား ၅၀၀ကျော်နှင့်လည်းကောင်းတွေ့ဆုံ၍ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ပညာရေး၊ စိုက်ပျိုးရေး၊ လမ်းပန်းဆက်သွယ်ရေး၊သောက်သုံးရေ၊ စိုက်ပျိုးရေရရှိရေးတို့ကို အသေးစိတ် ဆွေးနွေးပြောကြားပြီး တင်ပြချက်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

(သတင်းစဉ်)

နတ်မတောင်သို့ အောင်မြင်စွာတက်ရောက်နိုင်

ရန်ကုန် ဧပြီ ၂၆

မြန်မာနိုင်ငံအမျိုးသား အိုလံပစ်ကော်မတီ၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံ ခြေလျင်နှင့် တောင်တက်အဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်တို့ ပူးပေါင်း၍ ခြေလျင်နှင့်တောင်တက် အားကစားတိုးတက်ဖွံ့ဖြိုးစေရေးအတွက် လေ့ကျင့်မှုတစ်ရပ်အနေဖြင့် ချင်းပြည်နယ် မင်းတပ်ခရိုင် ကန်ပက်လက် မြို့နယ်ရှိ ခေါ်နူးသုန် (ခ) နတ်မတောင်အမြင့်ပေ ၁၀၃၀၀ သို့ အဖွဲ့ဝင် ၁၀၉ ဦးပါဝင်သော အဖွဲ့သည် ဧပြီ ၁၅ရက်တွင် အောင်မြင်စွာ တက်ရောက်နိုင်ခဲ့သည်။

ပါဝင်

တောင်တက်အဖွဲ့ဝင်များသည် မင်းတပ်မြို့မှ တောင်ထိပ်အထိ အသွား အပြန် လေးရက်ခရီးစဉ်ကို ခြေလျင်ခရီး ဆက်ခဲ့ရသည်။ တောင်တက်အဖွဲ့တွင် အမျိုးသား ၇၀ နှင့် အမျိုးသမီး ၃၉ ဦး ပါဝင်ခဲ့ပြီး အဖွဲ့ဝင်များအဖြစ် မန္တလေးဆေးတက္ကသိုလ်၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် (ရန်ကုန်နှင့် မန္တလေး)၊ မန္တလေးသူနာပြုတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် (ရေဆင်း)၊ သစ်တောတက္ကသိုလ်(ရေဆင်း)၊ စိုက်ပျိုးရေးတက္ကသိုလ် (ရေဆင်း)၊ နည်းပညာတက္ကသိုလ်(မန္တလေး)၊ ရတနာပုံ တက္ကသိုလ်၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ်၊ မုံရွာစီးပွားရေးတက္ကသိုလ်၊ မုံရွာတက္ကသိုလ်၊ မန္တလေး နိုင်ငံခြားဘာသာတက္ကသိုလ်၊ ရန်ကုန်/ မန္တလေး အဝေးသင်တက္ကသိုလ်များနှင့် အထက်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူများ တက်ကြွစွာ ပါဝင်ခဲ့ကြသည်။

တက်ရောက်နိုင်

တောင်တက်အဖွဲ့ချုပ်သည် ယခုနှစ် ဆောင်းရာသီတွင် ပေ ၁၅၀၀၀ ခန့်ရှိ ရေခဲတောင်အသစ် (ခေါတကောရေခဲတောင်)ကို အောင်မြင်စွာ တက်ရောက်နိုင်ရေး အတွက် လေ့ကျင့်ပြင်ဆင်လျက်ရှိရာ ရှမ်းရိုးမတောင်တန်းများနှင့် ပုပ္ပားတောင်မကြီး များသို့ ခရီးရှည်လမ်းလျှောက် တောင်တက်ခြင်းများကို ဆက်လက်လုပ်ရှားသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဧပြီ ၁၇ ရက်က တာမွေမြို့နယ် ဗျိုင်းရေအိုးစင် ကွက်သစ်ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ကြီးမှူး၍ လူမှုရေးအသင်းအဖွဲ့များနှင့် စေတနာရှင် ပြည်သူများ စုပေါင်းကာ မြန်မာ့ရိုးရာ သင်္ကြန်ပူဇော်ပွဲကို ရပ်ကွက်အတွင်းရှိ သမစာရီဓမ္မာရုံ၌ ကျင်းပစဉ်။ (က-ပ)

ရန်ကုန်တိုင်း ရန်ကင်းမြို့ ကံဘဲ့ဘူတာရုံလမ်း ပဥ္စနိကာယသ သာသနာ့ဗိမာန်ကျောင်းတိုက်ရှိ ရန်ကုန် နိကာယ်သာသနာတော် ထွန်းကားရေးအသင်းကြီး၏ စာအောင်ဆုနှင့် ထာဝရငွေပဒေသာပင်အတွက် အမှတ် ၂၂၈ ကျိုက္ကဆံလမ်း တာမွေမြို့နယ်နေ နိကာယ်အသင်းဥက္ကဋ္ဌ ဦးသောင်းလွင်-ဒေါ်တင်ရီ(နည်းသစ်စာအုပ်တိုက်) မိသားစုက အလှူငွေကျပ် တစ်သိန်းကို ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသော ဦးကြည်နှင့် ဦးအေးတို့ထံ ပေးအပ်လှူဒါန်းစဉ်။

(က-ပ)

STI Education မှ ပညာရေးအစီအစဉ်သစ်နှင့် အလုပ်အကိုင်အခွင့်အလမ်းများအကြောင်း ရှင်းလင်း

ရန်ကုန် ဧပြီ ၂၆

STI Education မှ ပညာရေးဆိုင်ရာ အစီအစဉ်သစ် စာနယ်ဇင်းရှင်းလင်းပွဲကို ဧပြီ၂၃ရက် မွန်းလွဲ၂နာရီက ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာလမ်း (အထက်) အမှတ် ၃၇၇ရှိ STI Education သင်တန်းကျောင်း သင်တန်းခန်းမ၌ကျင်းပသည်။ **(ယာပုံ)**

ရှင်းလင်းတင်ပြ

ရှေးဦးစွာ STI အကြံပေးပုဂ္ဂိုလ် စီမံရေးရာဌာနမှူး ဒေါ်လှကြူက STI Education မှ ဝန်ဆောင်မှုပေးနေသည့် သင်တန်းများ အကြောင်းကို ရှင်းလင်းတင်ပြသည်။ ၂၀၀၆ ခုနှစ် ဇန်နဝါရီလမှစ၍ အင်္ဂလိပ်စာသင်တန်း၊ အင်္ဂလိပ်စာဆရာဖြစ်သင်တန်း (Diploma in Teaching English to Speakers of other Languages)၊ စီမံခန့်ခွဲမှု ဒီပလိုမာသင်တန်း (Diploma in Business Management)၊ ဧည့်ဝန်ဆောင်မှုနှင့် ခရီးသွားစီမံခန့်ခွဲမှု ဒီပလိုမာသင်တန်း (Diploma in Hospitality & Tourism Management) တို့ကို ပို့ချလျက်ရှိသည်။ ၂၀၀၇ခု နှစ်ဦးမှစ၍ (Diploma in Logistics Management, Diploma in Supply Chain Management) သင်တန်းများ ဖွင့်လှစ်ခဲ့ရာ လုပ်ငန်းခွင်မှ စိတ်ဝင်စားသူများ တက်ရောက်ခဲ့ကြသည်။

အခွင့်အလမ်းများ

ထို့နောက် STI ၏ ဒါရိုက်တာ ဒေါက်တာဒေါ်မျိုးမျိုးနိုင်က ယခုနှစ်တွင် အကောင်အထည်ဖော်မည့် အစီအစဉ်အသစ်တစ်ရပ်ဖြစ်သော STI၏ မိတ်ဖက်ကျောင်းဖြစ်သည့် စင်ကာပူနိုင်ငံ အခြေစိုက် Singapore Institute of Materials Management (SIMM) သင်တန်းကျောင်း၊ ပို့ချမည့် ဘာသာရပ်စသည်တို့ကို ဆက်လက်ရှင်းပြသည်။ Diploma in Logistics Management/ Diploma in Supply Chain Managment တက်ရောက်ပြီးနောက် အဆင့်မြင့်ဒီပလိုမာသို့ တက်ရောက်နိုင်ကာ အဆင့်မြင့် ဒီပလိုမာအောင်မြင်ပြီးနောက် ဩစတြေးလျနိုင်ငံ ပါသ်မြို့ရှိ Curtin University of Technology မှ ချီးမြှင့်သည့် ဒီဂရီကို ဆက်လက်ရယူနိုင်သည်။ ယင်းတက္ကသိုလ်သည် စင်ကာပူနိုင်ငံတွင် နယ်မြေခွဲ ဖွင့်လှစ်မည် ဖြစ်သည်။ ထို့ကြောင့် သုံးနှစ်တာ ကာလအတွင်း ဩစတြေးလျတက္ကသိုလ်၏ B.Comဘွဲ့ကို ရနိုင်မည်ဖြစ်သည်။ ပညာထူးချွန်သူများကို ပညာသင်ဆုပေးရန် အစီအစဉ်ရှိကြောင်း၊ SIMM သည် စင်ကာပူစီးပွားရေးလုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်နေခြင်းကြောင့် SIMM ကျောင်း ပြီးဆုံးသူများမှာ အလုပ်အကိုင်အခွင့်အလမ်းများ အထူးရရှိလျက်ရှိသည်။ ထို့ကြောင့် Logistics Management သည် အခြေခံပညာပြီးစီးသူများအတွက် ရွေးချယ်ရန် အခွင့်အလမ်းများရရှိနိုင်သော သင်တန်း၊ ဘွဲ့တစ်ခုဖြစ်ပါသည်။

ပြန်လည်ဖြေကြား

ယင်းနောက် စာနယ်ဇင်းများမှ ပုဂ္ဂိုလ်များ၏ မေးမြန်း ဆွေးနွေးချက်များကို တာဝန်ရှိသူများက ပြန်လည်ဖြေကြားသည်။

ရှင်းလင်းပြောကြားမည်

နိုင်ငံတကာအဆင့်မီ ပညာရေးကို စိတ်ဝင်စားသူများအတွက် အခွင့်အရေးအဖြစ် STI Education မှ မေ ၄ရက် (တနင်္ဂနွေနေ့)မွန်းလွဲ ၁နာရီမှ ညနေ၅နာရီအထိ ဒဂုံမြို့နယ် အလံပြဘုရားလမ်းရှိ Park Royal ဟိုတယ်တွင် SIMM, London Teacher Training College (UK), Queensfield Business School (Singapore) မှ တာဝန်ရှိသူ တို့က Information day အသွင် ရှင်းလင်းပြောကြားမည် ဖြစ်သည်။ ယင်းနေ့တွင် ကျောင်းအပ်နှံသူများအတွက် အထူးအစီအစဉ်အဖြစ် ကျောင်းဝင်ကြေးကင်းလွတ်ခွင့်နှင့် ကျောင်းလခ လျှော့ချပေးမည့် အစီအစဉ်များရှိသည်။

အခမဲ့တက်ရောက်နိုင်

သို့ဖြစ်၍ စိတ်ပါဝင်စားသူ မည်သူမဆို အခမဲ့တက်ရောက်နိုင်သည်။ အသေးစိတ် သိရှိလိုပါက ဖုန်း-၅၀၇၀၄၆၊ ၅၀၇၀၄၈၊ ၅၀၇၁၅၁၊ ၅၀၇၁၅၂၊ ၂၅၀၀၅၆နှင့် ၇၀၀၂၇၃တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မွန်ပြည်နယ်ဗီဒီယိုအခြေခံအဖွဲ့ ရုံးသစ်ဖွင့်ပွဲ
တိုင်းမှူးဗိုလ်ချုပ်သက်နိုင်ဝင်းတက်ရောက်၊ စက်ခလုတ်နှိပ်ဖွင့်လှစ်ပေး

ရန်ကုန် ဧပြီ ၂၆

မွန်ပြည်နယ် မော်လမြိုင်မြို့နယ် ပန်းဘဲတန်းရပ်ကွက် အမှတ်(၅)တိုးချဲ့ ကမ်းနားလမ်း၌ ငွေကျပ်သိန်း ၄၀၀ ကျော် အကုန်အကျခံ တည်ဆောက်ပြီးစီးခဲ့သည့် မွန်ပြည်နယ် ဗီဒီယိုအခြေခံအဖွဲ့၏ နှစ်ထပ်ရုံးသစ်ဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၅ ရက်က အဆိုပါ ရုံးသစ်ရှေ့၌ ကျင်းပရာ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း တက်ရောက်၍ နှစ်ထပ်ရုံးသစ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးမြင့်သိန်းဖေ၊ တွဲဖက်အတွင်းရေးမှူး ဦးဝင်းကြည်နှင့် မွန်ပြည်နယ် ဗီဒီယိုအခြေခံအဖွဲ့ဥက္ကဋ္ဌ ဦးချန်ထွန်းတို့က ဖဲကြိုးဖြတ်၍ နှစ်ထပ်ရုံးသစ်ကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်သက်နိုင်ဝင်းက နှစ်ထပ်ရုံးသစ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး နှစ်ထပ်ရုံးသစ်အတွင်း လိုက်လံကြည့်ရှုစစ်ဆေးကြောင်း သိရသည်။ **(သတင်းစဉ်)**

ရန်ကုန် အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပ ဇမ္ဗူအေးကျောင်းတိုက် အတွင်းရှိ မြတ်မင်္ဂလာကျောင်းတွင် အထက (၁)ကျောင်းသားဟောင်းများ၏ စုပေါင်း ဒုလ္လဘရဟန်းခံ ရှင်ပြုပွဲကို ဧပြီ ၁၁ ရက်ကကျင်းပရာ ပဓာန နာယက ဆရာတော်သဒ္ဓမ္မဇောတိကဓဇ အရှင်ဩဘာသထံမှ ရေစက်ချအနုမောဒနာတရားတော် နာယူနေကြစဉ်။ (က-ပ)

ပြည်မြို့လုံးဆိုင်ရာ စုပေါင်းရှင်ပြုပွဲကျင်းပ

ရန်ကုန် ဧပြီ ၂၆

ပဲခူးတိုင်း(အနောက်ပိုင်း)ပြည်မြို့ မူလတက္ကသိုလ်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယက ရှင်တစ်ထောင်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တကုလာသဘ အမှူးထား၍ မြို့မိမြို့ဖများနှင့် ဆေးရေးရပ်၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက ဦးစီးကျင်းပသည့် (၃၇)ကြိမ်မြောက်ပြည်မြို့လုံးဆိုင်ရာ စုပေါင်းရှင်ပြုပွဲ အခမ်းအနားကို ဧပြီ ၁၃ရက် နံနက်ပိုင်းက ဆေးရုံလမ်းတို ဆေးရေးရပ် အရန်မီးသတ်တပ်ဖွဲ့အနီး စုပေါင်းရှင်ပြုအသင်းဇဟိုမင်္ဂလာမဏ္ဍပ်တွင် ကျင်းပသည်။

ငါးပါးသီလခံယူ

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ဖွင့်လှစ်ပြီး ပဲခူးတိုင်း(အနောက်ပိုင်း)ပြည်မြို့ ဝိသုဒ္ဓါရုံ ဇာရာဏာသီကျောင်းတိုက် ဘဒ္ဒန္တဓမ္မရသ (သက်တော်ရှည်) မထေရ်မြတ်ထံမှ ဩဇ္ဈပရိသတ်တို့က ငါးပါးသီလခံယူဆောက်တည်ကြသည်။

လှူဖွယ်ဝတ္ထုပစ္စည်း ဆက်ကပ်

ထို့နောက် ဆရာတော် သံဃာတော်များက မေတ္တသုတ်ပရိတ် တရားတော်များကို ရွတ်ဖွား ချီးမြှင့်တော်မူပြီး သက်တော်ရှည်မဟာထေရ် ဆရာတော်ကြီး ၁၁ပါးနှင့် ဆရာတော် သံဃာတော်များအား ရပ်ဝေးရပ်နီးအလှူရှင်များက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် တိုင်းသံဃနာယက အဖွဲ့၊ ပဲခူးတိုင်း (အနောက်ပိုင်း) မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုမာရ မထေရ်မြတ်က အနုမောဒနာတရားနှင့် လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။ **(ဝ၅၇)**

ရန်ကုန်မြို့ ရွှေတိဂုံစေတီတော် ရခိုင်မောင်မယ် တံမြက်စည်းလှည်းအသင်း၏ (၁၇)ကြိမ်မြောက် ရခိုင်ရိုးရာ သင်္ကြီးပူဇော်ပွဲကို ဧပြီ ၁၇ရက်က ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ ရခိုင်ပြည်နယ် ဓမ္မာရုံ၌ကျင်းပစဉ်။ (က-ပ)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး မိတ္ထီလာမြို့နယ် ကဖြူကျေးရွာတွင် ကျေးရွာသူကျေးရွာသားများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအား အမှာစကားပြောကြားစဉ်။ (လယ်ယာ/ဆည်မြောင်း)

ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး မိတ္ထီလာနှင့် သာစည်မြို့နယ်၌ ကျေးရွာပြည်သူများနှင့်တွေ့ဆုံ
ကျေးလက်ဒေသ ဖွံ့ဖြိုးရေးကိစ္စရပ်များဆွေးနွေး

နေပြည်တော် ဧပြီ ၂၆

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးသည် ဧပြီ ၁၃ ရက်က မန္တလေးတိုင်း မိတ္ထီလာမြို့နယ် ကဖြူကျေးရွာ ကဖြူကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တအာစရအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းကာ ကျေးရွာသူ၊ ကျေးရွာသားများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များနှင့် တွေ့ဆုံ၍ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အထွေထွေအတွင်းရေးမှူးသည် မိတ္ထီလာမြို့နယ် ညောင်ကားယားကျေးရွာ ရွှေဂူကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝိမလဗုဒ္ဓိအား ဖူးမြော်ကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ရပ်မိ ရပ်ဖ၊ ကျေးရွာလူထုနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ ကျေးရွာ လိုအပ်ချက်များကို မှာကြားဖြည့်ဆည်းပေးသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် အထွေထွေအတွင်းရေးမှူးသည် သာစည်မြို့နယ် ရွှေလုံကျေးရွာသို့ သွားရောက်ပြီး ရွှေလုံကျောင်းတိုက်တွင် ဆရာတော်ဘဒ္ဒန္တခေမိန္ဒအား ဖူးမြော်ကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ရွှေလုံတိုက်ကျောင်းအတွက် အလှူငွေများကို လှူဒါန်းသည်။

ဆွေးနွေး

ဆက်လက်၍ အထွေထွေအတွင်းရေးမှူးသည် ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံကာ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးကိစ္စရပ်များ ဆွေးနွေးသည်။ **(သတင်းစဉ်)**

ခရမ်းမြို့နယ် မစိုးရိမ်တံတားအမှတ်(၁)အတွက် စေတနာရှင်များ ပါဝင်လှူဒါန်းနိုင်

ရန်ကုန် ဧပြီ ၂၆

ရန်ကုန်တိုင်း ခရမ်းမြို့နယ် ကျုံမရေကျေးရွာရှိ သက်တမ်း၁၅နှစ်ကျော်ပြီဖြစ်သော ၁၈၂ပေရှိ သစ်သားတံတားကြီးနေရာတွင် ကျပ်သိန်း၃၀၀ခန့်ကုန်ကျမည့် သံကူကွန်ကရစ်တံတားကြီးကို နိုင်ငံတော်ဇဟိုသံဃာ့ဝန်ဆောင် ရန်ကုန်တိုင်း ခရမ်းမြို့နယ် ကွမ်းမိုးဒိန်းစံပြကျေးရွာ သာသနဇောတိက မစိုးရိမ်တိုက်သစ် မဟာနာယက မန္တလေးမြို့ မစိုးရိမ်တိုက်သစ် ဒုတိယ မဟာနာယကဆရာတော် အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တကေသရာဘိဝံသ ဦးဆောင်၍ အလှူရှင်များ၊ ကျေးရွာသူ ကျေးရွာသားများနှင့်ပူပေါင်းပြီး မစိုးရိမ်တံတားအမှတ်(၁)ကို တည်ဆောက်လျက်ရှိရာ ယခုအခါ ၅၀ ရာခိုင်နှုန်းခန့်ပြီးစီးနေပြီဖြစ်သည်။

ဆက်သွယ်လှူဒါန်း

တစ်ဦးချင်းဖြစ်စေ၊ စုပေါင်း၍ဖြစ်စေ လှူဒါန်းလိုပါက သာသနဇောတိက မစိုးရိမ်တိုက်သစ် ကွမ်းမိုးဒိန်းစံပြကျေးရွာ ခရမ်းမြို့နယ်ဖုန်း-၀၁-၃၉၀၀၇၁၊ ဒေါ်တင်တင်ခိုင် ၂၄လမ်း ၁၂၉ (ပ)ထပ် လသာမြို့နယ် ဖုန်း-၀၁-၃၈၄၆၁၈၊ ၀၉-၈၀-၃၀၁၉၆၊ ဦးခင်ဝေ စမ်းချောင်း မြသိန်းတန်အောင်မွှာရုံ စမ်းချောင်းမြို့နယ် ဖုန်း-၀၉-၅၁-၄၃၆၄၈တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ **(သတင်းစဉ်)**

မေ ၁၀ရက်တွင် ကျင်းပမည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး၊ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေး မြေစိုက်ပိုစတာများကို ဧပြီ ၂၃ရက်က သထုံမြို့နယ် ရွှေစာရံဘုရား(ရုပ်သေးကုန်း)နှင့် သုဝဏ္ဏဈေးရှေ့တို့၌ စိုက်ထူကြစဉ်။ (က-ပ)

မြဝတီမြို့ အမှတ်(၄)ရပ်ကွက် နတ်သျှင်နောင်လမ်းသစ်ဖွင့်

ရန်ကုန် ဧပြီ ၂၆

(၆၃)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မြဝတီမြို့ အမှတ်(၄) ရပ်ကွက် ကိုယ့်အားကိုယ်ကိုး နတ်သျှင်နောင် လမ်းဖွင့်ပွဲ အခမ်းအနားကို မတ် ၂၅ရက်က အဆိုပါမုခ်ဦး၌ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဆွေညွန့်၊ မြို့နယ် ဥက္ကဋ္ဌ ဦးအေးလူနှင့် အလှူရှင် ဦးစံသွင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

စက်ခလုတ်နှိပ်ဖွင့်

အဆိုပါမုခ်ဦးကို နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး ခင်မောင်ဌေးက စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

အဆိုပါလမ်းကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ကတ္တရာ ၄ဒသမ၈တန်နှင့် လုပ်အားခအတွက် ပံ့ပိုးငွေကျပ် ၁၅၅၀၀၀၀နှင့် လမ်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ အလှူရှင် ဦးစံသွင်က ငွေကျပ် ၂၀၀၀၀၀၀ ထည့်ဝင်ကာ စုစုပေါင်း ကုန်ကျငွေကျပ် ၃၅၅၀၀၀၀ဖြင့် အလျား ပေ၄၀၀၊ အကျယ် ပေ၂၀ကို ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ **(မြို့နယ်စည်ပင်)**

ဂန္ဓဝင်ဓာတုစေတီတော်အတွက် ငွေလှူဒါန်း

ရန်ကုန် ဧပြီ ၂၆

မွန်ပြည်နယ် မုဒုံမြို့နယ် မြို့မ(၄)ရပ်ကွက်ရှိ ရေတောင်တောရ ဘုန်းတော်ကြီးသင် ပညာရေးမူလတန်းလွန်ကျောင်း ပရိဝုဏ်၌ ငွေကျပ်သိန်းလေးရာ အကုန်အကျခံတည်ဆောက်ဆဲဖြစ်သော ဓာတ်တော် ၁၀၈ဆူ ကိန်းဝပ်စံပယ်တော်မူမည့် ဂန္ဓဝင်ဓာတုစေတီတော်မြတ်ကြီး၏ တည်ဆောက်မှုလုပ်ငန်းများကို အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိရာ အမြန်ဆုံးဆောင်ရွက်ပြီးစီးနိုင်ရေးအတွက် ဧပြီ ၂၄ရက်တွင် ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ရေကျော်၇ရပ်ကွက် ဦးရွှေဌွန်းလမ်းနေ အလှူရှင် ဦးမင်းသူမိသားစုက ငွေကျပ်သုံးသိန်းကို ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ်ရှိ ရွှေဘုန်းပွင့် စေတီတော်မြတ်ကြီး၏ ပရိဝုဏ်၌ ပေးအပ်လှူဒါန်းရာ ဂန္ဓဝင်ဓာတုစေတီတော်သစ်ကြီး ဖြစ်မြောက်ရေးကော်မတီ၏ အကျိုးတော်ဆောင် မွန်ပြည်နယ်သတင်းထောက်ဦးကျော်သန်းက လက်ခံပြီး အလှူရှင်မိသားစုအား ဂုဏ်ပြုလွှာကိုပေးအပ်သည်။

တည်ဆောက်ဆဲ ဂန္ဓဝင်ဓာတု စေတီတော်သစ်ကြီးအတွက် လှူဒါန်းလိုသူများသည် ရေတောင်တောရ ဘုန်းတော်ကြီးသင် ပညာရေးမူလတန်းလွန်ကျောင်း ကျောင်းအုပ်ပဓာနနာယက ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာဝရ ဖုန်း-၀၅၇-၇၀၈၃၆သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မဟာသန္တိသုခ ရုပ်ပွားတော်များ ပင့်ဆောင်ပူဇော်မည်

ရန်ကုန် ဧပြီ ၂၆

ပြည်ထောင်စု မြန်မာနိုင်ငံတော်သူ နိုင်ငံသားအားလုံးနှင့် ကမ္ဘာသူ ကမ္ဘာသား အားလုံး၊ ဝေနေယျများစွာ သတ္တဝါအားလုံးတို့ ဘေးရန်ခပ်သိမ်း ကင်းငြိမ်းစေရန်၊ နှလုံးစိတ်ဝမ်း အေးချမ်းကြစေရန် ရည်ရွယ်စိတ်သန်အဓိဋ္ဌာန်ဖြင့် ပဲခူးတိုင်း တောင်ငူခရိုင် ကေတုမတီမြို့သစ် မဟာစည်သာသနာ့ရိပ်သာကျောင်းတိုက်အတွင်း၌ တည်ထား ကိုးကွယ်အပ်သော မဟာသန္တိသုခ အောင်ချမ်းသာစေတီတော်မြတ်ကြီး၏ ဂန္ဓကုဋိတိုက်တော်တွင် ကိန်းဝပ်စံပယ်တော်မူမည့် မဟာသန္တိသုခ ဗုဒ္ဓရုပ်ပွားတော်ကြီးများကို ၁၃၇၀ ပြည့်နှစ် တန်ခူးလပြည့်ကျော်၇ရက်၊ ဧပြီ ၂၇ရက်(တနင်္ဂနွေနေ့)(ယနေ့) နံနက် ၅နာရီတွင် မန္တလေးမြို့မှ ကေတုမတီမြို့သစ်(တောင်ငူ)သို့ မော်တော်ယာဉ်များဖြင့် သယ်ယူပင့်ဆောင်ပူဇော်မည်ဖြစ်သည်။

လမ်းကြောင်းတစ်လျှောက် ဖြတ်သန်းရသော မြို့ရွာများရှိ ရဟန်းရှင်လူ ဗုဒ္ဓဘာသာနွယ်ဝင် သူတော်စင်အပေါင်းတို့ ကြွရောက်ဖူးမြော်ပူဇော် ကုသိုလ်တော်ယူနိုင်ကြစေရန် အသိပေးနှိုးဆော်ထားကြောင်း သိရသည်။ (မြန်မာ့အလင်း)

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း တောင်အာဖရိကနိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဧပြီ ၂၇

၂၀၀၈ခုနှစ် ဧပြီ ၂၇ရက်တွင် ကျရောက်သော တောင်အာဖရိကသမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ တောင်အာဖရိကသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာအင်ကိုဆာဇာနာဒလာမီနီ-ဇူးမားထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း အင်တာနက် ဖောင်ပိတ်သတင်း

နယူးဇီလန်၌ လေယာဉ်ငယ်တစ်စင်းပျက်ကျ၊ နှစ်ဦးသေဆုံး

ဝယ်လင်တန် ဧပြီ ၂၆

နယူးဇီလန်နိုင်ငံ ဝီနူရာပီမြို့အနီး ဧပြီ၂၆ရက် ဒေသစံတော်ချိန် ညနေ၄နာရီခန့်က လေယာဉ်ငယ်တစ်စင်းပျက်ကျခဲ့ကြောင်း နယူးဇီလန်လေကြောင်းအရာရှိများက ပြောကြားသည်။

အဆိုပါ လေယာဉ်ပျက်ကျမှုကြောင့် လေယာဉ်မှူးအပါအဝင် နှစ်ဦးသေဆုံးသွားကြောင်း၊ လေယာဉ်မှာ ရုတ်တရက်အင်ဂျင်ချွတ်ယွင်းသွား၍ ပျက်ကျခြင်းဖြစ်ကြောင်း ၎င်းတို့က ပြောကြားသည်။

တန်လန်-၁ ဆက်သွယ်ရေးဂြိုဟ်တု တရုတ်လွှတ်တင်

ပေကျင်း ဧပြီ ၂၆

တရုတ်နိုင်ငံက တန်လန်-၁ ဆက်သွယ်ရေးဂြိုဟ်တုတစ်လုံးကို ဧပြီ ၂၆ရက် ဒေသစံတော်ချိန် ၁၁နာရီ၃၅မိနစ်၌ အောင်မြင်စွာ လွှတ်တင်လိုက်ကြောင်း တရုတ်အရာရှိများက ပြောကြားသည်။

အဆိုပါ ဂြိုဟ်တုကို တရုတ်နိုင်ငံ စီချွမ်ပြည်နယ် စီချန် ဂြိုဟ်တုလွှတ်တင်ရေးစခန်းမှ လောင်းမတ်ချ်-၃ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

မြန်မာ့အလင်း အင်တာနက် ကျန်းမာရေး

စပျစ်သီးစားသုံးခြင်းဖြင့် သွေးနှင့်ဆက်စပ်သောရောဂါများကာကွယ်နိုင်

စပျစ်သီး၏ အရသာမှာချိုသည်။ အနည်းငယ်ဖန်သော အရသာလည်းရှိပြီး ချဉ်သည့်အရသာလည်းရှိသည်။ စပျစ်သီးကို နှစ်စဉ်စက်တင်ဘာလနှင့် အောက်တိုဘာလတို့တွင် ပေါများစွာ တွေ့ရှိရသည်။ သို့သော် တချို့နိုင်ငံများ၌ တစ်နှစ်ပတ်လုံး စိုက်ပျိုးဖြစ်ထွန်းအောင်မြင်လျက် ရှိကြသည်။

ပါဝင်သောဓာတ်များ

စပျစ်သီးသည် နီညိုရောင်နှင့် အစိမ်းရောင်ဖျော့ဖျော့ အရောင်များရှိပြီး ပါဝင်သောဓာတ်များမှာ မင်ဂနီးစ်၊ ဗီတာမင်စီ၊ ဗီတာမင်ဘီ-၁၊ ပိုတက်ဆီယမ်၊ ဗီတာမင်ဘီ-၆ နှင့် ကယ်လိုရီပါဝင်သည်။ အများဆုံးပါဝင်သည့်ဓာတ်မှာ မင်ဂနီးစ်ဖြစ်ပြီး ၃၀ ရာခိုင်နှုန်းကျော် ပါရှိသည်။

ထောက်ကူ

စပျစ်သီးတွင် ပါဝင်သောဓာတ်များက ခန္ဓာကိုယ်တွင်း သွေးပျစ်ခဲမှုကို ကာကွယ်ပေးနိုင်ပြီး သွေးလေလည်ပတ်မှု ကောင်းမွန်စေရန် အထောက်အကူပေး သည်။ တစ်ဖန်သွေးကလပ်စည်းများ ပျက်စီးမှုကိုလည်း ကာကွယ်ပေးနိုင်ကြောင်း ဗြိတိန်သျှ သုတေသနပညာရှင်များက ပြောကြားသည်။

ကာကွယ်ပေးနိုင်

စပျစ်သီးကို သီတင်းတစ်ပတ်လျှင် သုံးကြိမ်ခန့် သင့်တင့်မျှတစွာ စားသုံးသွားပါက နှလုံးရောဂါဖြစ်ပွားမှုကို လျော့ကျစေနိုင်ပြီး သွေးနှင့်ဆက်စပ်သောရောဂါများ ဖြစ်ပွားမှုမှ အကာအကွယ်ပေးနိုင်ကြောင်း ၎င်းတို့က ပြောကြားသည်။

(အင်တာနက်)

မြန်မာ့ရုပ်မြင်သံကြား

၁၃၇၀ပြည့်နှစ်
ဦးတန်ခူးလပြည့်ကျော်၇ရက်(အဖိတ်နေ့)
၂၇-၄-၂၀၀၈ ရက်
(တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်(မင်္ဂလသုတ်)
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ ချစ်စရာ့အရွယ် ကကြိုးသွယ်
၈း၀၀ ၅။ The Land of Buddhism
၈း၄၅ ၆။ International News.
၉း၀၀ ၇။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၅ ၂။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁း၃၀ ၃။ ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်
၁၂း၀၀ ၄။ မြန်မာဗီဒီယိုဇာတ်လမ်း **မိုးတိမ်တို့၏အနမ်း** ပိုင်ဇေရဲထွန်း၊ ဝိုင်း၊ ခိုင်သင်းကြည် (ဒါရိုက်တာ-မျိုးထူး)
၁၃း၄၀ ၅။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၁၄း၀၀ ၆။ ကြည်နူးပျော်ရွှင် တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်)
၁၄း၂၀ ၇။ "DOTS" ဖိုးဖြူ၊ ကျော်ထူး၊ ခိုင်သင်းကြည်၊ ကြူကြူသင်း ဒါရိုက်တာ-သိန်းဟန်(ဖီးနစ်)
၁၄း၄၅ ၈။ International News
၁၅း၀၀ ၉။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၅း၁၅ ၂။ ဆိုကြမယ် ပျော်ကြမယ်
၆း၀၀ ၃။ ညနေခင်းသတင်း
၆း၃၀ ၄။ မိုးလေဝသအခြေအနေ
၆း၃၅ ၅။ **စက်မှုဖွံ့ဖြိုး တို့တိုင်းပြည်အကျိုး** ဖြိုးငွေစိုး၊ မိုးဒီ၊ သဇင်၊ နှင်းဆီ ဒါရိုက်တာ-တင်အောင်ရွှေ (သုတေသီ)
၇း၀၀ ၆။ နိုင်ငံ့စီးပွား အလေးထား ကျေးလက်ထုတ်ကုန်များ (ပန်းတနော်မှ သင်ဖြူးဖျာ)
၇း၃၀ ၇။ စိတ်အားထက်သန် ဆန္ဒအမှန်
၇း၅၀ ၈။ အတည်ပြုကြစို့ အခြေခံဥပဒေ
၈း၀၀ ၉။ ပြည်တွင်းသတင်း
၁၀။ နိုင်ငံတကာသတင်းများ
၁၁။ မိုးလေဝသအခြေအနေ
၁၂။ 'သပြေကုန်းမှ ရွှေအပြုံးများ'
၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **မာယာထောင်ချောက်** (အပိုင်း-၁၈)
၁၄။ အစီအစဉ်ပြီး၏။

နဝမအကြိမ်မြောက် မျိုးဆက်သစ်လူငယ် ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပပြီးစီး

နဝမအကြိမ်မြောက်မျိုးဆက်သစ် လူငယ် ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဆုရရှိကြသူများအား ဆုချီးမြှင့်ပွဲအပြီး၌ တွေ့ရစဉ်။ (မြန်မာဂေါက်ကလပ်)

ရန်ကုန် ဧပြီ ၂၆

မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်က ကြီးမှူး၍ မြန်မာဂေါက်ကလပ်က ကျင်းပသော နဝမအကြိမ်မြောက် မျိုးဆက်သစ်လူငယ် ဂေါက်သီးရိုက်ပြိုင်ပွဲကို ဧပြီ ၂၄ရက်နှင့် ၂၅ရက်တို့တွင် ရန်ကုန်မြို့ ပြည်လမ်းရှိ ၉မိုင် မြန်မာဂေါက်ကလပ်၌ကျင်းပသည်။

ချီးမြှင့်

ဧပြီ၂၅ရက် ဒုတိယနေ့ ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို မွန်းလွဲပိုင်း၌ကျင်းပရာ မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးအောင်ကြည်က အသက်(၁၆-၂၀)နှစ် သက်တန်းပြိုင်ပွဲတွင် အဆင့်(၁)မှ(၅)အထိ ဆုရရှိသူများအားလည်းကောင်း၊ မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဦးရေးထက်ဒိုးက နှစ်သိမ့်ဆုရရှိသူများအားလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပြိုင်ပွဲ၏အလှူရှင်များ ကိုယ်စား ဦးဝင်းထွဋ်သန်း (သိုက်စိန် ရတနာဆိုင်)က သတ်မှတ်ထားသော ကျင်း၏လိုင်းနှင့် အနီးဆုံးဆုရရှိသူ သုံးဦးတို့အားလည်းကောင်း၊ ပြိုင်ပွဲဝင်များ၏ မိဘများကိုယ်စား ဒေါ်လွင်လွင်အောင်က အမျိုးသမီးအဆင့်ပြိုင်ပွဲတွင် ဆုရရှိသူများအားလည်းကောင်း၊ မြန်မာဂေါက်ကလပ်မှ H & TC အတွင်းရေးမှူး ဦးထွန်းညွှန့်က အသက်(၁၀-၁၂)နှစ်သက်တန်း ပြိုင်ပွဲတွင် နှစ်သိမ့်ဆုရရှိသူများအားလည်းကောင်း၊ ဦးဝင်းမြင့်ချင်းက အဆင့်(၁)မှ(၅)အထိ ဆုရရှိသူများအားလည်းကောင်း၊ အလှူရှင်များကိုယ်စား ဦးသက်တင်(Trans View)က အသက် (၁၃-၁၅)နှစ် သက်တန်းပြိုင်ပွဲတွင် နှစ်သိမ့်ဆုရရှိသူများအားလည်းကောင်း၊ မြန်မာဂေါက်ကလပ် အတွင်းရေးမှူး ဦးမြင့်စိုးက အဆင့်(၁)မှ(၅)အထိ ဆုရရှိသူများအားလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ပံ့ပိုးကူညီ

အဆိုပါ မျိုးဆက်သစ်လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲတွင် Srixon, KM Golf Center, Taylor Made, Trans View, Standard Golf., Pho La Pyae တို့က ဆုတံဆိပ်များနှင့် ဂေါက်သီးရိုက်ပစ္စည်းများကို ပံ့ပိုးကူညီကြပြီး ဦးဝင်းမြင့်ချင်း၊ ဦးခွန်မြတ်၊ ဦးကျော်မင်းမင်းလတ်၊ ဦးသန်းမြင့်၊ Thet Paing Soe Co.,Ltd. နှင့် မောင်ဖွဲ့လင်းငွေတို့က အလှူငွေများကို ပေးအပ်ကြကာ ပြိုင်ပွဲဖြစ်မြောက်အောင်မြင်ရေးအတွက် မြန်မာဂေါက်ကလပ်နှင့် Han Event Management တို့က တာဝန်ယူဆောင်ရွက်ပေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၇-၄-၂၀၀၈ (တနင်္ဂနွေနေ့)

AM & PM

၇း၀၀-၁း၀၀	MRTV-4အဖွင့် Logo ယနေ့အစီအစဉ်
၇း၀၅-၁း၀၅	ဘုရားပွင့်လာရခြင်း တရားတော် (အပိုင်း-၅) (ဆရာတော် အရှင်ပုညာနန္ဒ)
၈း၀၀-၂း၀၀	Soccer Update
၈း၂၀-၂း၂၀	Sunday Talk [မျိုးမြတ်သူ၊ ကိုကို (စက်မှုတက္ကသိုလ်)]
၉း၀၅-၃း၀၅	ACTIVITIES IN THE CITY
၉း၂၀-၃း၂၀	ပြည်တွင်းသတင်းအကျဉ်း
၉း၃၀-၃း၃၀	မန္တလေး FM Logo ပြိုင်ပွဲ ဆုရသူများကြေညာခြင်း
၉း၄၀-၃း၄၀	တေးဂီတအစီအစဉ်
၉း၄၅-၃း၄၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၅၀-၃း၅၀	စိတ်အားထက်သန် ဆန္ဒအမှန်
၁၀း၁၅-၄း၁၅	မိုးလေဝသခန့်မှန်းချက်
၁၀း၂၀-၄း၂၀	Euro Goals
၁၀း၄၀-၄း၄၀	တေးဂီတအစီအစဉ်
၁၀း၄၅-၄း၄၅	ပြည်တွင်းသတင်းအကျဉ်း
၁၁း၀၀-၅း၀၀	ထူးထူးခြားခြား သစ်ခေါက်ပန်းချီကား
၁၁း၀၀-၅း၁၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၂၀-၅း၂၀	ရှိတာကပိုကောင်းပါတယ်
၁၂း၀၀-၆း၀၀	မြန်မာ့ဆေးဖက်ဝင် အမည်ဆန်း 'တပင်တိုင်မြနန်း'
၁၂း၃၀-၆း၃၀	နိုင်ငံတကာအနုပညာရေးရာ
၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူ ကြည့်ရှုနိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၆း၅၅	Portsmouth-Blackburn	ESPN(Live)
၉း၂၅	Everton-Aston Villa	ESPN(Live)

Series A ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၇း၃၀	Inter Milan-Cagliari	5-Cartoon(Live)

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဧပြီ ၂၆

တပ်မတော်ဂေါက်ကွင်း(မင်္ဂလာဒုံ)၌ ဗိုလ်မှူးခင်မောင်သန်း(ငြိမ်း)သည် ယနေ့နံနက် ၁၀နာရီခွဲတွင် ဂေါက်ရိုက်ကစားစဉ် ၁၃၂ကိုက် အကွာအဝေးမှ Gunen ဂေါက်တံဖြင့် EV ဘောလုံးကို ရိုက်ရာ ကျင်းအမှတ်(၇)သို့ တစ်ချက်တည်း ကျင်းဝင်သွားသည်။

ထိုသို့ ဂေါက်သီးရိုက်ကစားရာတွင် ကစားဖော်များဖြစ်ကြသော ဗိုလ်မှူးကြီး ဘသိန်း(ငြိမ်း)၊ ဒုတိယဗိုလ်မှူးကြီး အောင်မြင့်ဆွေ(ငြိမ်း)နှင့် ဒုတိယဗိုလ်မှူးကြီးဌေးအောင်(ငြိမ်း)တို့ ရှိနေကြသည်။

(သတင်းစဉ်)

ပြည်ကြီးတံခွန်မြို့နယ် စက်မှုဇုန်ရှိ PVC ပိုက်စက်ရုံ ကုန်ထုတ်လုပ်မှုနှင့် စက်မှုဇုန်ရှိ ရတနာပုံဘဏ်ခွဲလုပ်ငန်း မန္တလေးမြို့တော်ဝန် ကြည့်ရှုစစ်ဆေး

မန္တလေး ဧပြီ ၁၅

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့်အဖွဲ့သည် ဧပြီ ၃ ရက် နံနက် ၁၀ နာရီက ပြည်ကြီးတံခွန်မြို့နယ် စက်မှုဇုန်ရှိ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့် ကုန်ရုံဌာန PVC ပိုက်စက်ရုံ၏ ကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် မန္တလေးစက်မှုဇုန် ကနောင်ခန်းမ ဒုတိယထပ်ရှိ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ရတနာပုံဘဏ်ခွဲလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်း

ရှေးဦးစွာ မြို့တော်ဝန်နှင့်အဖွဲ့သည် ပြည်ကြီးတံခွန်မြို့နယ် စက်မှုဇုန်ရှိ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့် ကုန်ရုံဌာန PVCပိုက်စက်ရုံ၏ ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်နိုင်မှုကို ကြည့်ရှုစစ်ဆေးရာ အဆောက်အအုံနှင့် ကုန်ရုံဌာန ဌာနမှူး ဦးသန်းလွင်က လုပ်ငန်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

စနစ်တကျ

ထို့နောက် မြို့တော်ဝန်က PVCပိုက်စက်ရုံ စက်စွမ်းအားပြည့် လည်ပတ်နိုင်ရေး၊ PVC ပိုက်များ ၁၀ လက်မပိုက်ကြီးမှ ငါးမူးပိုက်အထိ ဈေးကွက် လိုအပ်ချက်အရ ထုတ်လုပ်နိုင်ရေး၊ ထုတ်လုပ်ပြီး ပစ္စည်းများ စနစ်တကျ သိုလှောင်ရေး၊ ဈေးကွက် အရောက် တင်ပို့နိုင်ရေးအတွက် အဆောက်အအုံနှင့်ကုန်ရုံဌာန ဌာနမှူးနှင့် စက်ရုံတာဝန်ခံတို့က စနစ်တကျ ကြီးကြပ်ဆောင်ရွက်ရေးတို့ကို မှာကြားသည်။(အပေါ်ဝဲပုံ)

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် မန္တလေးစက်မှုဇုန် ကနောင်ခန်းမ ဒုတိယထပ်ရှိ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ရတနာပုံဘဏ်ခွဲ၏ လုပ်ငန်းများ ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးရာ လက်ထောက်မန်နေဂျာဒေါ်ခင်မမက ဘဏ်လုပ်ငန်းများ လည်ပတ်ဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြို့တော်ဝန်သည်ရတနာပုံဘဏ်ခွဲ ဝန်ထမ်းများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ဘဏ်လုပ်ငန်းများ တိုးတက်အောင်မြင်ရေးအတွက် လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (၁၁၃)

မြိတ်မြို့နယ်စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး နည်းလမ်းတကျ အောင်မြင်အောင် ဆောင်ရွက်

မြိတ် ဧပြီ ၁၅

ပြန်ကြားရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲတင့်နှင့် တနင်္သာရီတိုင်း မြိတ်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများ တွေ့ဆုံပွဲကို မတ် ၂၈ရက်က မြိတ်မြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

ပြောကြား

အခမ်းအနားတွင် ဒုတိယညွှန်ကြားရေးမှူးချုပ်က အမှာစကား ပြောကြားရာတွင် ဝန်ထမ်းများအနေဖြင့် အရည်အသွေးမြင့်မားအောင် ကြိုးစားလုပ်ဆောင်ကြရန် မိမိလုပ်ငန်းများကို တာဝန်ကျေပွန်စွာထမ်းဆောင်ကြရန်နှင့် ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ ဖွံ့ဖြိုးအောင် နည်းလမ်းတကျ အောင်မြင်အောင် ဆောင်ရွက်ကြရန် ပြောကြားသည်။

ကြည့်ရှု

ဆက်လက်၍ ဒုတိယညွှန်ကြားရေးမှူးချုပ်သည် မွန်းလွဲ ၁နာရီမှ ညနေ ၃နာရီအထိ မြိတ်မြို့နယ်အတွင်းရှိ မြိတ်တောင်ကျေးရွာ အောင်မင်္ဂလာ လူငယ်များ စာကြည့်တိုက်၊ ကလွင်ရွာမ စာကြည့်တိုက်၊ စုံခေါင်း၊ ရှားတော၀ ပညာ့ပန်းခင်း စာကြည့်တိုက်များကို လိုက်လံကြည့်ရှုစစ်ဆေးကြသည်။ (ခရိုင် ပြန်/ဆက်)

စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွန့်တာချီလိတ် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော မယ်ခေါင်ရပ်ကွက်၊ ရွှေဝါနဒီလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို မတ် ၁၇ရက်က ကြည့်ရှုကွင်းဆင်းစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယ ညွှန်ကြားရေးမှူး ဦးကျော်သူက လုပ်ငန်းဆောင်ရွက်မှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ပဲခူးတိုင်း(အနောက်ပိုင်း)ပြည်ခရိုင် ရွှေတောင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ညောင်စာရေး ဈေးအတွင်းအပြင် သန့်ရှင်းသပ်ရပ်မှုရှိစေရေးနှင့် မီးဘေးကြိုတင်ကာကွယ်နိုင်ရေးအတွက် ဈေးအတွင်းဆောင်ရွက်ထားရှိမှုကို ဧပြီ ၃ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူးဦးသိန်းဇော် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးထွန်းဇော်မိုးက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် ပြန်/ဆက်)

မောင်တောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်လျက်ရှိသော မြို့အဝင်လမ်းဘေးဝဲယာတွင် ပန်းအလှပင်များနှင့်အရိပ်ရပင်များ မြေချစိုက်ပျိုးမှု အခြေအနေကို မတ်၂၅ရက်က အမှုဆောင်အရာရှိ ဦးဌေးဝင်း ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

အင်းတော်မြို့၌ ပါဠိပထမပြန်စာမေးပွဲကျင်းပ ရဟန်း၊ သာမဏေနှင့် သီလရှင်များဖြေဆို

အင်းတော် ဧပြီ ၁၅

စစ်ကိုင်းတိုင်း အင်းတော်မြို့နယ် ပါဠိပထမပြန်စာမေးပွဲကို မတ် ၂၄ရက်မှ စတင်၍ မတ် ၃၁ရက်အထိ အင်းတော် အ-ထ-က စာဖြေဌာနတွင် ကျင်းပရာ အဆိုပါစာမေးပွဲတွင် မြို့နယ်အတွင်းရှိ ရဟန်း၊သာမဏေနှင့်သီလရှင်များ စုစုပေါင်း ၇၉ပါး ဝင်ရောက်ဖြေဆိုကြသည်။

ကြီးကြပ်ဆောင်ရွက်

အဆိုပါစာမေးပွဲတွင် အကြီးတန်း အပါး ၂၀၊ အလတ်တန်း ၂၇ပါး၊ အငယ်တန်း ၃၂ပါးတို့ ဝင်ရောက်ဖြေဆိုကြရာ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အင်းတော်မြို့ မြို့မပရိယတ္တိစာသင်တိုက် ဆရာတော် ဦးပဏ္ဍိတ၊ ဒုတိယ ဥက္ကဋ္ဌ လယ်ပြင်သီဘာကျောင်းတိုက်ဆရာတော် ဦးပညာသာမိနှင့် တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်ပေးကြကြောင်း သိရသည်။

(၀၃၀)

ပျော်ဘွယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ကြီးကြပ်မှုဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးသတ်ဦးစီးဌာနနှင့် ပူးပေါင်း၍ မတ် ၁၅ရက်က သရုပ်ပြဗာတ်တိုက်လေ့ကျင့်မှု ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

တောင်ကြီးမြို့နယ် ဥက္ကဋ္ဌဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲ ဆုချီးမြှင့်

တောင်ကြီး ဧပြီ ၁၅

(၆၃)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ်အဖြစ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၊ မြို့နယ်ပိုက်ကျော်ခြင်းဆပ်ကော်မတီတို့ ပူးပေါင်းကျင်းပသည့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ရပ်ကွက်၊ ကျေးရွာအလိုက်နှင့် အလွတ်တန်း ဖိတ်ခေါ်ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ နောက်ဆုံးပိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို မတ် ၂၅ရက် ညနေ ၃နာရီက တောင်ကြီးမြို့ ပြည်နယ်အားကစားရုံ၌ ကျင်းပသည်။

ဆုချီးမြှင့်

အဆိုပါပြိုင်ပွဲသို့ ရပ်ကွက်ကျေးရွာ ၁၈သင်း၊ အလွတ်တန်း ရှစ်သင်းတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ရပ်ကွက်၊ ကျေးရွာအလိုက်ပြိုင်ပွဲတွင် ပထမ ကျောင်းကြီးစုရပ်ကွက်၊ ဒုတိယကံသာရပ်ကွက်၊ တတိယ ညောင်ရွှေဟော်ကုန်းရပ်ကွက်နှင့် အလွတ်တန်း ဖိတ်ခေါ်ပြိုင်ပွဲတွင် ပထမကံသာရပ်ကွက်၊ ဒုတိယ နန်းဟူးကျေးရွာတို့ ရရှိသွားကြပြီး အကောင်းဆုံး အားကစားသမားဆုကို စောယွန်းလှိုင်က ရရှိရာ မြို့နယ် ဥက္ကဋ္ဌဦးကျော်စွာ(ယာပုံ)၊ မြို့နယ် ပိုက်ကျော်ခြင်း ဥက္ကဋ္ဌ ဦးခင်မောင်ညွန့်၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် ဌာနဆိုင်ရာဦးစီးမှူးများက ဆုတံဆိပ်၊ ဆုဖလားနှင့်ငွေသားဆုများ ပေးအပ်ချီးမြှင့်ကြသည်။ (မြို့နယ် အား/ကာ)

ဝမ်းတွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဝမ်းတွင်းမြို့မြောက်ဂိတ် တြိဂံမြေယာရှုခင်းအလှ ပြုပြင်ဆောင်ရွက်မှုကို ဧပြီ ၁ရက်က အမှုဆောင်အရာရှိ ဦးမျိုးမင်းစိုးနှင့် လက်ထောက်အင်ဂျင်နီယာ ဦးမျိုးမင်းသန့်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မြင်းခြံမြို့၌ စီမံကိန်းဦးစီးရုံးသစ်ဖွင့်

မြင်းခြံ ဧပြီ ၁၈

မန္တလေးတိုင်း မြင်းခြံခရိုင်နှင့် မြို့နယ် စီမံကိန်းဦးစီးရုံးသစ်ဖွင့်ပွဲ အခမ်းအနားကို မတ်၁ရက် နံနက်၉နာရီက မြင်းခြံ-မန္တလေးလမ်း နဘူးအိုင်လမ်းဆုံအနီးရှိ မြင်းခြံခရိုင် စီမံကိန်းဦးစီးရုံးသစ်၌ ကျင်းပသည်။

ရှေးဦးစွာ မန္တလေးတိုင်း မြင်းခြံခရိုင်နှင့် မြို့နယ်စီမံကိန်းဦးစီးရုံးသစ် အဆောက်အအုံကို ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးလှမိုးနှင့် မန္တလေးတိုင်းစီမံကိန်းဦးစီးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်စန်းစန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (၀၈၇)

စာပေဟောပြောပွဲ ပုသိမ်မြို့၌ ကျင်းပ

ပုသိမ် ဧပြီ ၁၄

ဧရာဝတီတိုင်း ပုသိမ်ခရိုင် ပုသိမ်မြို့တွင် စာပေဟောပြောပွဲ အခမ်းအနားကို ဧပြီ ၇ရက် ည ၈နာရီက ပုသိမ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။ အခမ်းအနားသို့ တိုင်း၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာ အကြီးအကဲများနှင့်ဇနီးများ၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ သူနာပြု သင်တန်းသူများ၊ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်များ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများနှင့် မြို့မိမြို့ဖ စာပေဝါသနာရှင်များ တက်ရောက်ကြသည်။

စာပေဟောပြောပွဲတွင် ဆရာမ လမင်းအိမ်က နှလုံးသားထဲက အာဟာရ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဆရာချစ်စံဝင်းက အရေးကြီးတာအရင်လုပ် ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဆရာကောင်းသန့်က စကားလက်ဆောင် ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်(ချစ်နိုင်-စိတ်ပညာ)က စေတနာကောင်းလျှင် ကံကောင်းမည် ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေး ဟောပြောကြသည်။ (ခရိုင် ပြန်/ဆက်)

စစ်ကိုင်းမြို့နယ် ဆားတောင်စံပြရွာ ခုတင်(၄၀)ဆံ့ သီတဂူဖြဗ္ဗာယုဆေးရုံအတွက် အလှူရှင် ဆားတောင် စံပြရွာ ရွာစိုက်ရပ်မှ ဦးအောင်ဆန်း-ဒေါ်မြသန်းတို့က မဉ္ဇူမာရုံဆရာတော် ဦးကိတ္တိဝရ (ဥက္ကဋ္ဌ)နှင့် ဂန္ဓာမြိုင်ဆရာတော် ဦးနန္ဒာသဘ (အကျိုးတော်ဆောင်ချုပ်)တို့ထံ အလှူငွေကျပ်သိန်း ၅၀ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

လမ်းတံတား ဆောင်ရွက်ထားမှု

၂၀၀၇-၂၀၀၈ခု ဘဏ္ဍာရေးနှစ်တွင် အင်တော်မြို့ စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော အင်တော်မြို့ အမှတ်(၈) လမ်းတံတားဆောင်ရွက်ထားမှုကို မတ် ၁၃ ရက်က ရပ်စောက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသစ်ထူးမြင့်နှင့် တာဝန်ခံဦးအေးဇော်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မြို့နယ် သတင်းများ

ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းအတည်ပြုရေး မဲပုံးနှင့် မဲရုံများတည်ဆောက်မှု ဖလမ်း၌ဆောင်ရွက်

ဖလမ်း ဧပြီ ၂၃

ချင်းပြည်နယ် ဖလမ်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအုန်းမောင်စည်သည် ဖလမ်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်ဝင်းဌေးနှင့်အဖွဲ့ လိုက်ပါလျက် ဖလမ်းမြို့နယ် လိုင်ဇိုးကျေးရွာသို့ သွားရောက်ပြီး ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး၊ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေ၊ နည်းဥပဒေရှင်းလင်းပွဲ အခမ်းအနားကို ဧပြီ ၆ရက် မွန်းလွဲ ၁ နာရီက လိုင်ဇိုးကျေးရွာခန်းမဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်ဥက္ကဋ္ဌ ဦးအုန်းမောင်စည်က အမှာစကားပြောကြားပြီး မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်ဝင်းဌေးက ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေ၊ နည်းဥပဒေများ၊ ကော်မရှင်ဥပဒေများရှင်းလင်းပြီး လိုင်ဇိုးကျေးရွာအုပ်စုအတွင်းရှိ မဲပုံးများ၊ မဲရုံများ တည်ဆောက်မှုများကို စစ်ဆေးသည်။ (ခရိုင် ပြန်/ဆက်)

လားရှိုး၌ ရှင်သန်ခိုင်မာ စာကြည့်တိုက်များ အရှိန်အဟုန်မပျက်တိုးတက်ရေးဆောင်ရွက်

လားရှိုး ဧပြီ ၂၅

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးချုပ် (နေပြည်တော်)မှ ညွှန်ကြားရေးမှူး ဦးသန်းထွန်းသည် ရှမ်းပြည်နယ် (မြောက်ပိုင်း)ရှိ လားရှိုးခရိုင်နှင့် ကျောက်မဲခရိုင်မှ ဝန်ထမ်းများနှင့် တွေ့ဆုံပွဲ အခမ်းအနားကို ဧပြီ ၂၃ရက်က လားရှိုးမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်နယ်လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်စန်း၊ မြန်မာ့ရုပ်မြင်သံကြားမှ ဖုန်နယ်မှူးဦးစိန်သောင်း၊ ရုပ်ရှင်လုပ်ငန်းစုမှ ဌာနခွဲမှူး ဦးလှကျော်ဦး၊ ကိုယ်ပွားသတင်းစာတိုက်မှ တာဝန်ခံအရာရှိ ဦးဇော်လွင်နှင့် ကြီးကြပ်ရေးမှူး ဦးသိန်းဟန်၊ ခရိုင်ဦးစီးအရာရှိ ဦးဆန်းဝင်းနှင့် မြို့နယ်ဦးစီးမှူးများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၏ မှာကြားချက်များ၊ ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်၏ မှာကြားချက်များကို ညွှန်ကြားရေးမှူး ဦးသန်းထွန်းက ရှင်းလင်းဆွေးနွေးပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ဖွင့်လှစ်ထားသော စာကြည့်တိုက်များမှ ၂၀၀၈ခုနှစ်တွင် ဆောင်ရွက်ရမည့် ရှင်သန်ခိုင်မာ စာကြည့်တိုက်များကို အရှိန်အဟုန်မပျက် တိုးတက်ရေးဆောင်ရွက်သွားကြရန် မှာကြားကြောင်းသိရသည်။ (က-ပ)

ကလောမြို့ ပြည်ထောင်စုလမ်း လမ်းလယ်ကျွန်းမြေခင်းသာယာလှပရေး လုပ်ငန်းကို မတ်၁ ရက်က ရှမ်းပြည်နယ်(တောင်ပိုင်း)စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ချို စစ်ဆေးရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးညိုဝင်းနှင့် အင်ဂျင်နီယာမှူး ဦးအောင်နိုင်ထွန်းတို့က ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)



မြန်အောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ နေခြည်မြို့မဈေးအတွင်း သန့်ရှင်းရေးလုပ်ငန်းများ အပတ်စဉ် ဆောင်ရွက်လျက်ရှိရာ မတ် ၂၉ရက်က သားငါးဈေးရုံအတွင်း သန့်ရှင်းရေးပြုလုပ်ခြင်း၊ ရေဆေးခြင်းနှင့် ခြင်ဆေးဖျန်းခြင်း လုပ်ငန်းကို ဦးစီးအရာရှိ ဦးမြင့်သန်းနှင့် ဈေးဝန်ထမ်းများ၊ ဈေးမိဈေးဖများ စုပေါင်းဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးတင့်လွင်ဦး ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

ကသာမြို့နယ် စည်ပင် ကျောက်များစုဆောင်း

ကသာ ဧပြီ ၁၀

ကသာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ တပ်မတော်လမ်း တိုးချဲ့ခြင်းနှင့် ရေပိုက်လွှာလောင်းခြင်း လုပ်ငန်းဆောင်ရွက်ရန် လမ်းခင်းကျောက်များစုဆောင်းထားမှု အခြေအနေကို မတ် ၂၅ ရက်က စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီးဦးဗျားနိုကွင်းဆင်း စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးထွန်းထွန်း ရှင်းလင်းတင်ပြသည်။ (မြို့နယ်စည်ပင်)

မင်းတုန်းမြို့နယ်၌ ဒုလ္လဘ သီလရှင်ဝတ်ပွဲကျင်းပ

မင်းတုန်း ဧပြီ ၂၂

မင်းတုန်းမြို့ အမှတ်(၂) ရပ်ကွက် ဣန္ဒာသယသီလရှင်စာသင်တိုက်၌ ဧပြီ ၈ ရက် နံနက် ၉ နာရီက ဒုလ္လဘသီလရှင်များ ဝတ်ကြမည့် အမျိုးသမီး ၁၅ ဦးတို့အား ပဗ္ဗဇ္ဇိတအလှူတော်မင်္ဂလာ သီလရှင်ဝတ်ပွဲကို ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်သံဃနာယကအဖွဲ့ဆရာတော် ဦးကုဏ္ဍိယ၊ အတွင်းရေးမှူး ဆရာတော် ဦးဇာဂရနှင့် ဆရာတော် သံဃာတော် ၁၇ပါး ကြွရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်အတွင်းရေးမှူး ဆရာတော်ထံမှ သီလရှင်များက ရှစ်ပါးသီလ ခံယူဆောက်တည်ပြီး ဧည့်ပရိသတ်များက ဆရာတော်ထံမှ ငါးပါးသီလ ခံယူကြသည်။ ဆက်လက်၍ ဆရာတော် သံဃာတော်များက မေတ္တသုတ် ပရိတ်တရားတော် ရွတ်ဆိုပူဇော်ကြပြီး ဆရာတော် ဦးဇာဂရက ဒုလ္လဘ သီလရှင် ပဗ္ဗဇ္ဇိတ အလှူတော်မင်္ဂလာ ကျင်းပခြင်း၏ ကုသိုလ်ကောင်းမှုကိုဟောကြားတော်မူသည်။

ထို့နောက်ဆရာတော် သံဃာတော်များနှင့်သီလရှင်များအား မြို့နယ်ဥက္ကဋ္ဌ ဦးမင်းဆွေနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ဂေါပက အဖွဲ့ဥက္ကဋ္ဌ ဦးညီနှင့် အဖွဲ့ဝင်များ၊ အလှူရှင်များက လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နေ့ဆွမ်းကပ်လှူကြသည်။ (မြို့နယ် ပြန်/ဆက်)

မိုးညှင်းမြို့၌ မီးအထူးသတိပြု ဆိုင်းဘုတ်စိုက်ထူ

မိုးညှင်း ဧပြီ ၂၀

ကချင်ပြည်နယ် မိုးညှင်းမြို့ မီးဘေးအန္တရာယ်ကာကွယ်ရေးအတွက် အရန်မီးသတ်တပ်ဖွဲ့ ဒုတိယတပ်ခွဲမှူး ဦးမောင်အေး ဦးဆောင်သော အရန်တပ်ဖွဲ့ဝင်များနှင့် အရှေ့စုရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ ပူးပေါင်း၍ ဧပြီ ၃ရက်က ပြည်ထောင်စုလမ်းမကြီး၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် မဟာဗန္ဓုလလမ်းဆုံတွင် မီးအထူးသတိပြုဆိုင်းဘုတ်ကို စိုက်ထူကြသည်။ အဆိုပါအခမ်းအနားသို့ မြို့နယ်မီးသတ်ဦးစီးမှူး ဦးမြင့်ကျော်နှင့် တပ်ခွဲမှူး ဦးအောင်ဆန်းဦးတို့က လိုအပ်သည်များ အားပေး ကူညီကြသည်။ (၀၀၂)

တောင်ငူမြို့နယ် စည်းရုံးရေး ကော်မတီကကြီးမှူး၍ ပညာရည်ချွန် ဆုပေးပွဲ၊ သက်ကြီး မသန်စွမ်းစစ်သည်များနှင့် အခြေခံစည်းရုံးရေးခေါင်းဆောင်များအား ထောက်ပံ့ငွေ ပေးအပ်ပွဲကို မတ် ၂၄ ရက်က ကေတုရတနာခန်းမ၌ ကျင်းပရာ လင်းရာမ အီလက်ထရွန်နစ် ကုမ္ပဏီလီမိတက် အုပ်ချုပ်မှု ဒါရိုက်တာ မြဝတီမြို့ ယူနိုက်တက်ရေခဲမုန့်လုပ်ငန်း အတွင်းရေးမှူး ဗိုလ်ကြီးကျော်ဝေ(ငြိမ်း)က ဒုတိယဗိုလ်မှူးကြီး ခင်မောင်မြင့်(ငြိမ်း)အား မသန်စွမ်းစစ်သည်များအတွက် ငွေကျပ်နှစ်သိန်း ပေးအပ်လှူဒါန်းစဉ်။ (၀၄၈)

ယင်းမာပင်မြို့၌ ဆန္ဒမဲပေးမှု လက်တွေ့သရုပ်ပြ

ယင်းမာပင် ဧပြီ ၁၆

မုံရွာခရိုင် ယင်းမာပင်မြို့နယ် သာယာအေးခန်းမ၌ မြို့နယ် ကော်မရှင်အဖွဲ့ခွဲနှင့် ရပ်ကွက်၊ ကျေးရွာအဖွဲ့ခွဲများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဧပြီ ၁၁ရက် နံနက်၁၀နာရီကကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးစိုးလှိုင်က ကော်မရှင်လုပ်ငန်းများနှင့် မဲရုံအဖွဲ့ဝင်များကို ရှင်းလင်းဆွေးနွေးရာ ရပ်ကွက်၊ ကျေးရွာ ကော်မရှင်အဖွဲ့ဝင်များကဆန္ဒမဲပေးမှု လက်တွေ့သရုပ်ပြသမှုကို လေ့လာကြည့်ရှုကြပြီး မရှင်းလင်းသည့်အချက်များကိုလက်တွေ့ ရှင်းလင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

ကြို့ပင်ကောက်မြို့ မြို့မဈေး အတွင်း ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေနုတ်မြောင်းဆယ်ယူခြင်းနှင့်သန့်ရှင်းရေး ဆောင်ရွက်ခြင်းကို ဈေးသူ ဈေးသားများ၊စည်ပင်ဝန်ထမ်းများနှင့် ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်း ဆောင်ရွက်ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဦးစီးအရာရှိနှင့် တာဝန်ရှိသူများ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

လမိုင်း၌ ဆေးရုံသုံးပစ္စည်းများ ပေးအပ်လှူဒါန်း

ရေး ဧပြီ ၁၀

မွန်ပြည်နယ် ရေးမြို့နယ်နှင့် လမိုင်းမြို့ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်း၍ ဆေးရုံသုံးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို မတ်၂၃ ရက် နံနက် ၉ နာရီက လမိုင်းမြို့ရှိ မုနိပါလခန်းမ၌ ကျင်းပသည်။

ဂုဏ်ပြုလွှာ

ရေးဦးစွာ အလှူရှင် ၇၂ဦးက စုပေါင်းလှူဒါန်းသော အောက်စီဂျင်စက်၊ ကလေးဓာတ်ကင်စက်၊ လမ်းလျှောက်တွန်းလှည်း၊ ကလေးပုခက်နှင့် မီးအားမြှင့်စက် စုစုပေါင်း တန်ဖိုးငွေကျပ် ၅၆သိန်းရှိ ပစ္စည်းများကို မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းနာယကက ပေးအပ်လှူဒါန်းရာ လမိုင်းမြို့ ဆရာဝန်က လက်ခံယူပြီး (ဝဲပုံ) မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌက အလှူရှင်များအား ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်သည်။

(မြို့နယ် ပြန်/ဆက်)

မော်လမြိုင်ကျွန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ သောက်သုံးရေရရှိရေးအတွက် စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးဖြစ်သော မြို့မ(၉) ရပ်ကွက်အတွင်း လေးလက်မ အဝီစိတွင်း တူးဖော်ခြင်း၊ ရေစက်ရုံ တည်ဆောက်ခြင်း၊ အုတ်ရေလှောင်ကန်ပြုလုပ်ပြီးစီးမှု အခြေအနေနှင့် လက်ရှိရေပေးဝေရေး ဆောင်ရွက်မှု အခြေအနေကို မတ် ၂၆ ရက်က အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်မော်သန်း၊ ကွင်းဆင်း စစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာဦးအောင်စိုးနှင့် ရပ်ကွက်ရေပေးရေး ကော်မတီအဖွဲ့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

အလှူငွေလက်ခံ

ရန်ကုန်တိုင်း တာမွေမြို့နယ် နတ်ချောင်းရပ်ကွက် မဟာသန္တိသုခ ဗုဒ္ဓသာသနာပြု ကျောင်းတော်ကြီးဝင်းအတွင်း ဆောက်လုပ်မည့် သုဘဒ္ဒါကျောင်းဆောင်သစ်အတွက် ရန်ကုန်တိုင်း တာမွေမြို့နယ် အမှတ် ၁၂ ရွှေဥဒေါင်းလမ်း တာမွေကြီး(က+ဂ)ရပ်ကွက်နေ ဒေါ်တင်ကြည်မိသားစုက ဦးစိန်ဝင်း ခြောက်နှစ်ပြည့် အားရည်စူး၍ အလှူငွေ ကျပ်တစ်သိန်းကို ကျောင်းတော်ကြီး၏ ပဓာနနာယက အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဇနိတ မထေရ်မြတ် ရှေ့မှောက်၌ လှူဒါန်းရာ ကျောင်းထိုင်ဆရာတော်က အနုမောဒနာ ရေစက်ချ တရားချီးမြှင့်ပြီး ဂေါပကအလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မဇောတိကဓဇ ဗိုလ်မှူးကြီးစောမြင့်(ငြိမ်း)က လက်ခံယူစဉ်။ (က-ပ)

(၆၃)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်း ထန်းတပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော ဖိုးနှမကုန်း ဆင်ဂေါင်းရွာဆက် မြေသားလမ်းသစ်ဖွင့်ပွဲကို မတ်၂၆ ရက်က အမှုဆောင်အရာရှိ ဦးဌေးလှိုင်နှင့် ကျေးရွာ ဥက္ကဋ္ဌတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ပစ္စိမာရုံစာသင်တိုက်မှ ပညာဒါနများပြုကြမည်

ရန်ကုန် ဧပြီ ၂၆

ရန်ကုန်တိုင်း တာမွေမြို့နယ် မာန်အောင်ရပ်ကွက် အေးသာယာလမ်းနှင့် မိုးကောင်းလမ်းထောင့် ဘောက်ထော် အဝိုင်းလေး မှတ်တိုင်အနီးရှိ ပစ္စိမာရုံစာသင်တိုက်တွင် ကျောင်းတိုက် ပဓာနနာယကဆရာတော် ဦးဇာဂရက ကြီးမှူးလျက် ဆရာဦးထွန်းစိန် EEE၊ဆရာဦးအေးချစ် EEAC နှင့် စေတနာဆရာ၊ ဆရာမများက သင်ကြားပေးကြမည့် အင်္ဂလိပ်၊ ဂျပန်၊ တရုတ်၊ ကိုရီးယား၊ ဂျာမန်ဘာသာစကားများ၊ ပညာသင်ဆုဝင် အင်္ဂလိပ်အက်ဆေးရေးနည်း၊ အခြေခံစာရင်းကိုင်ပညာ LCCI Level I, II, III ၊ အီလက်ထရွန်နစ်ပညာ၊ ကွန်ပျူတာပညာနှင့် စီးပွားဖြစ်စားသောက်ကုန် ထုတ်လုပ်နည်း ပညာဒါန သင်တန်း အပတ်စဉ်(၃၀)ကို မေ ၃ရက် (စနေနေ့)မှ စတင်၍ ဖွင့်လှစ်မည်ဖြစ်သည်။

စာရင်းပေးနိုင်

အဆိုပါပညာဒါနသင်တန်းများသို့ တက္ကသိုလ်ဝင်တန်း ဖြေဆိုထားသူများ၊ ဘွဲ့ကြို၊ ဘွဲ့ရနှင့် စိတ်ပါဝင်စားသူ မည်သူမဆို ကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၅၅၉၃၃၂သို့ဖြစ်စေ ဆက်သွယ်စုံစမ်း စာရင်းပေးသွင်းတက်ရောက်နိုင်ကြောင်း သိရသည်။

(က-ပ)

နိုင်ငံတကာသတင်းဂျာနယ်များမှာကြားနိုင်

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကြေးမုံသတင်းစာတိုက်မှ အပတ်စဉ် တနင်္လာနေ့တိုင်း ထုတ်ဝေနေသော နိုင်ငံတကာသတင်းဂျာနယ်များကို အောက်ပါ လိပ်စာသို့ မှာကြားဝယ်ယူနိုင်ပါသည်-

ဖြန့်ချိရေးဌာန၊ ကြေးမုံသတင်းစာတိုက်၊ ဖုန်း-၂၉၂၈၃၀၊ ၂၉၁၄၅၄

ကိုယ်စားလှယ်ဈေးနှုန်း တစ်စောင် ကျပ်၁၀၀

(ဖတ်ရှုလိုသူများနီးစပ်ရာသတင်းစာကိုယ်စားလှယ်များထံတွင်မှာယူနိုင်ပါသည်)

Vacancy Announcement
(Local Service Only)
International Beverages Trading Co., Ltd
is currently searching for the qualified candidates
for the following positions:

I B T C

National Warehouse Managers *1 post (Male/ Female)*

Education	:	Any University Graduate
Age	:	Over 35 years
Requirement	:	Minimum 5 years experience in related field especially in Warehouse
	:	To lead and manage the MRP planning, implementation, monitoring and evaluation
	:	Responsible for the timely and team co-operation
	:	Good experience in computerized stock control system, ABC & FMS analyzing skill, Inventory Control and Logistics Function
	:	Excellent interpersonal communication skills
	:	Well operate in computer proficiency, fluent in English language ability
	:	Able to travel for a long time to anywhere

Procurement Manager (Overseas purchase) *1 post (Male/ Female)*

Education	:	Any University Graduate
Age	:	Over 30 years
Requirement	:	Minimum 3 years experience in related field
	:	Must have Managerial, Decision Making skill, Vendor Development & Negotiation skill
	:	Knowledge of Import Purchase and documentation, Inventory Control, Border Trade & Container Line, Custom Clearance
	:	Have a good knowledge of computer, Fluent in English

Material Requirement Planner *1 post (Male/ Female)*

Education	:	Any University Graduate
Age	:	Over 25 years
Requirement	:	Must have at least 1 year of related field.
	:	Very good interpersonal skills as well as communication skill, planning & coordination skill, inventory control, cost analyzing skill, ABC & FMS analyzing skill are an asset
	:	Knowledge of MS Office (Excel), E-mail, Fax, Internet is necessary.
	:	Must have excellent command of English (both written and oral)

Qualified and interested person are requested to send the applications with updated CV, recent photo and copy of labor registration card to -
International Beverages Trading Co., Ltd. No.18, 7Mile, Pyay Road, Mayangone T/S, Yangon.
Deadline for application : 30 - 4 - 2008

ကြော်ငြာစာ

မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ်(ဈ)ရပ်ကွက် အကွက်အမှတ် (အိတ်ချ်-၂၀၃)၊ ဦးပိုင်အမှတ် (၁၀) ၅၆လမ်းနှင့် ၅၇လမ်းကြား ဖိုးရာဇာလမ်းနှင့်ဦးပုညလမ်းကြား ဦးအောင်ဝင်း အမည်ပေါက် မြေကွက်အား ဦးအောင်ဝင်းနိုင်ငံသားစိစစ်ရေးကတ်အမှတ် ၉/မရတ(နိုင်)၀၇၄၈၄၇ က မြို့ပြ စီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဂရန်မိတ္တူအမှုတွဲဖွင့်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်
မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်
စည်ပင်သာယာရေးကော်မတီ။

Ph: 09 99 26578,
371800 Ext 363,362

ကျေးဇူးတင်ရှိခြင်း

ဆရာကြီး ဦးဇာတင် (အထက-၂၊ နေပြည်တော် ပျဉ်းမနား)
အသက် (၉၀)

နေပြည်တော် ပျဉ်းမနား ဗိုလ်တောက်ထိန်လမ်း အရှေ့ချင်းစု အိမ်အမှတ် ၇/၂၀နေ ဆရာကြီး ဦးဇာတင် အသက် (၉၀)၏ ၂၀-၄-၂၀၀၈ရက် ဈာပန၊ နံနက်ကိုးကွယ်ဝတ်ပြုခြင်းတွင် ဦးဆောင်ပေးသော အရှိုချင်းနှင့် မြန်မာနှစ်ခြင်း ခရစ်ယာန်အသင်းတော်တို့မှ သိက္ခာတော်ရဆရာတော်နှင့် ဓမ္မဝန်ဆောင်ဆရာ ဆရာမများ၊ အဘက်ဘက်မှ ကူညီဆောင်ရွက် လိုက်ပါပို့ဆောင်နှစ်သိမ့်အားပေး မေတ္တာပြကြပါသော ဆရာကြီး၏ တပည့်ကျောင်းသားကျောင်းသူဟောင်းများ၊ အထက (၂)မှ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ မိတ်သင်္ဂဟများအားလုံးကို ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု။

- ❑ မျိုးချစ်စိတ်ဓာတ် ထက်သန်သူတိုင်း . .
- ❑ လုံးဝလွတ်လပ်ရေးကို မြတ်နိုးသူတိုင်း . .
- ❑ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို လိုလားသူတိုင်း . .
- ❑ နယ်ချဲ့စွက်ဖက်မှုနှင့် နယ်ချဲ့သြဇာခံအဖြစ်ကို မလိုလားသူတိုင်း . .
- ❑ နယ်ချဲ့ကြိုးဆွဲရာကမည့် ရုပ်သေးအစိုးရ ပေါ်ပေါက်လာမည်ကို လက်မခံနိုင်သူတိုင်း . .

ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို တစ်ခဲနက် ထောက်ခံမဲပေးကြစို့။

အသည်းကြားက မဲတစ်ပြား

အသည်းကြားက မဲတစ်ပြားဟာ
တိုင်းပြည်အတွက် ရတနာ။
သာယာရွှေပြည်တည်ဆောက်ဖို့
ထောက်ခံမဲကို ပေးကြစို့။ ။

သာထက်မောင်

- မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
ဆူပူမှုဖြင့် ဒီမိုကရေစီ မရနိုင်။
အခြေခံဥပဒေဖြင့်သာ
ဒီမိုကရေစီ ရနိုင်သည်။

- ဒို့အနာဂတ် ဒို့ဖန်တီးဖို့
အခြေခံဥပဒေ အတည်ပြုစို့။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ကမ္ဘောဇစိုက်ပျိုးရေးအဖွဲ့၏ လုပ်ကွက်တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မိမိတို့နိုင်ငံသည် စားနပ်ရိက္ခာဖူလုံမှုအုတ်မြစ်ကြီး ခိုင်မာစွာထူထောင်ထားနိုင် ဒေသနှင့်ကိုက်ညီဖြစ်ထွန်းမည့် ရာသီသီးနှံနှင့် နှစ်ရှည်ပင်များ ဦးစားပေးစိုက်ပျိုး ထုတ်လုပ်မှုတိုးတက်အောင်မြင်ရေး သီးနှံသုတေသနလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်

နေပြည်တော် ဧပြီ ၂၆

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ဧပြီ၂၄ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ် ရပ်စောက်မြို့နယ်ရှိ ပုဂ္ဂလိက စိုက်ပျိုးရေးလုပ်ငန်းများကို လှည့်လည်ကြည့်ရှုအားပေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။ *စာမျက်နှာ ၈ ကော်လံ ၁* ❐

27-4 (20).pmd 1 4/27/2008, 1:13 AM